မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၈၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၁၃ ခုနှစ်၊ မေ ၂ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီတရားဝင်ချစ်ကြည်ရေးခရီးသွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့တွင် ကျင်းပမည့် ၂၀၁၃ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့လည်း တစ်ဆက်တည်းတက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးတို့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၁

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလှည့်လည်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ အိမ်တော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတနိုင်ငံသမ္မတတို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက စင်ကာပူသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စင်ကာပူသမ္မတနိုင်ငံသမ္မတက ၎င်းနှင့် အတူလိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက် *စာမျက်နှာ ၅ ကော်လံ ၅* ❖

နေစွမ်းအင်သုံးလေယာဉ်ဖြင့် အမေရိကန်နိုင်ငံအားဖြတ်သန်းမည်

အာကာဟိန်း - ရေးသည်

နေစွမ်းအင်သုံး လေယာဉ်ဖြင့် အမေရိကန်နိုင်ငံကို လာမည့်မေလဆန်း၌ ပထမဆုံးအကြိမ် ဖြတ်သန်းပျံသန်းမည်ဖြစ်ကြောင်း၊ ထိုသို့ ပျံသန်းရာတွင် မည်သည့်လောင်စာဆီကိုမျှ သုံးစွဲမည်မဟုတ်ကြောင်း၊ ပြင်ဆင်မှုများပြုလုပ်ထားပြီးဖြစ်ကြောင်း မတ် ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

ဆွစ်ဇာလန်လေယာဉ်မှူး ဘက်ထရန့်ပက်ကတ်ဒ်နှင့် အင်ဒရီဘော့ဘတ်တို့က အဆိုပါ နေစွမ်းအင်သုံး လေယာဉ်ဖြင့် ပြီးခဲ့သည့်နှစ်ဇွန်လက စပိန်နိုင်ငံမှမော်ရိုကိုနိုင်ငံသို့ ပထမဆုံးအကြိမ် နိုင်ငံတကာလေကြောင်း ခရီးအဖြစ် အောင်မြင်စွာပျံသန်းနိုင်ခဲ့ပြီးဖြစ်သည်။

ဆင်းသက်

ယခုအခါ အမေရိကန်နိုင်ငံအပေါ်သို့ ပထမဆုံးအကြိမ်ဖြတ်ကျော်ပျံသန်းရန်စီစဉ်နေရာ လာမည့်မေလဆန်းတွင် ဆန်ဖရန်စစ္စကိုမြို့အနီးမှ အဆိုပါ နေစွမ်းအင်သုံး လေယာဉ် စတင်ပျံသန်းပြီး နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီ လေဆိပ်သို့ ဆင်းသက်မည်ဖြစ်သည်။

ယင်းနေစွမ်းအင်သုံး လေယာဉ်သည် ဂျမ်ဘိုဂျက်လေယာဉ်တစ်စင်း၏ တောင်ပံမျိုးနှင့် အလေးချိန်မှာ အသေးစား ကားတစ်စီး၏ အလေးချိန်ခန့်ရှိသည်။ လာမည့် ၂၀၁၅ ခုနှစ်တွင် နေစွမ်းအင်သုံးလေယာဉ်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေး အကောင်းဆုံးဒီဇိုင်းရရှိရန် စမ်းသပ်ပျံသန်းမှု အမျိုးမျိုးပြုလုပ်နေခြင်းဖြစ်သည်။

အဆိုပါ နေစွမ်းအင်သုံး လေယာဉ်တည်ဆောက်ရေး စီမံကိန်းကို ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၂ သန်း ကုန်ကျခဲ့သည်။ တောင်ပံများတွင် ဆိုလာပြားပေါင်း ၁၂၀၀၀ တပ်ဆင်ထားပြီး ၂၆ နာရီခန့် ပျံသန်းနိုင်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တစ်ခုတည်းသော အရိပ်အာဝါသ၏အောက်တွင်

တစ်ယောက်စကား တစ်ယောက်နားဖြင့် တီးတိုးတီးတိုး ပြောဆိုနေကြသော ကောလာဟလများ၊ တစ်ယောက်လက် တစ်ဆင့်ကမ်းကာ လက်သိပ်ထိုး ဖြန့်ဝေနေကြသော တရားမဝင် စာရွက်စာတမ်းများနှင့် ဓာတ်ပြားချပ်များ၊ အင်တာနက်ဝက်ဘ်ဆိုက်များပေါ်မှ တို့မီးရှို့မီးလုပ်နေသော ဘလော့ဂ်များ၊ မီးလောင်ရာလေပင့်လုပ်နေသော သတင်းအတုအယောင်များ စသည် စသည်တို့က တစ်ခုတည်းသော လူ့အဖွဲ့အစည်းထဲမှာ အမုန်းတရားများ၊ မယုံသင်္ကာသံသယများ၊ ရန်ငြိုးရန်စများတို့ ဖြစ်တည်လာအောင် လှုံ့ဆော်နှိုးဆွပေးခဲ့ကြသည်။ လောင်စာများ စုမိဆောင်းမိဖြစ်လာပြီဟု ယူဆရသည့်အခါတွင်မူ မောင်းထိန်းခလုတ်ကိုဖြုတ်ကာ "ယမ်းပုံမီးကျ" ဖြစ်စေခြင်းဖြင့် ပဋိပက္ခတစ်ခုကို ဖန်တီးယူကြသည်။ ပဋိပက္ခတစ်ခု ဖြစ်ပေါ်လာသည်နှင့် ပို၍ကျယ်၊ ပို၍ပြန့်လာအောင် တစ်ခုပြီးတစ်ခု ဆက်တိုက်ဖန်တီးကာ ပြည်ရွာကိုချောက်ချားစေသည်။

အထက်ပါ နိုင်ငံရေးအောက်လမ်း နည်းများကိုကျင့်သုံးကာ ရန်းရင်းဆန်ခတ်ဖြစ်ပွားစေခဲ့သည့် ပဋိပက္ခများ၏ နောက်ကွယ်တွင် "ကြိုးဆွဲသူ" တို့ရှိနေကြောင်း သက်သေများအဖြစ် ၄င်းတို့၏ ခြေရာလက်ရာများကို ထင်ထင်ရှားရှားတွေ့ရသလို မီဒီယာများက ရေးသားထောက်ပြနေကြသည်ကိုလည်း တွေ့မြင်ဖတ်ရှုရသည်။ မျက်မှောက်ကာလ မြန်မာ့ဒီမိုကရေစီအခင်းအကျင်းတွင် ပြည်သူက လက်မခံ၍၊ နေရာ မပေး၍ နိုင်ငံရေးနေရာမရသူ၊ ဘုံပျောက်နေသူများ၊ ပဋိပက္ခများဖန်တီး၍ "ပွဲလှန့်ဖျာခင်း" ကာ အစုအငန်း၊ အသင်းအဖွဲ့၊ ကွန်ရက်ကွန်ခြာများဖွဲ့ပြီး လာဘ်လာဘ မျှော်ကိုးလုပ်စားနေသူများသည် ဆိုခဲ့ပြီးသော ပဋိပက္ခများ၏နောက်ကွယ်တွင် ပုန်းကွယ်လှုပ်ရှားခဲ့ကြကြောင်း မီဒီယာများက ဖော်ထုတ်ခဲ့ ကြသည်ကိုလည်း တွေ့ရသည်။ ယင်းသို့ဆိုရာတွင် စေတနာမှန်မှန်ကန်ကန်၊ ဦးတည်ချက် ခိုင်ခိုင်မာမာ၊ လုပ်ငန်းစဉ် တိတိကျကျဖြင့် ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်နေကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်း၊ NGOs ၊ INGOs များအား ဆိုလိုရင်းမဟုတ်သည်ကိုလည်း သတိချပ်ကြရမည် ဖြစ်သည်။

ပဋိပက္ခများ၊ အခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများကို မိမိတို့ ကြိုးပမ်းဖော်ဆောင်နေကြသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် မဖြစ်မနေရင်ဆိုင်ကြုံတွေ့ရမည်ဟု လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ကြိုတင်တွက်ဆမျှော်လင့်ထားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်သူများ၊ လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အင်အားစုများ၊ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်သောအင်အားဖြင့် ကျော်လွှားအနိုင်ယူသွားရန်လည်း သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။

ဤနေရာတွင် မိမိတို့အနေဖြင့် တစ်ခုတည်းသော လူ့ဘောင်အဖွဲ့အစည်းအတွင်း မတူကွဲပြားခြားနားမှုများနှင့်အတူ ယှဉ်တွဲတည်ရှိနေကြသည်ဟူသော အရှိတရားကို လက်ခံနိုင်ကြရမည် ဖြစ်သည်။ မျိုးနွယ်စုများ မတူညီခြင်း၊ ထုံးဓလေ့များ မတူညီခြင်း၊ ဘာသာအယူများမတူညီခြင်း စသည့် ကွဲပြားခြားနားမှုများရှိနေကြစေကာမူ တစ်ခုတည်းသော မြန်မာ့လူ့အဖွဲ့အစည်းအတွင်း မိမိတို့အတူတကွ တည်ရှိနေကြခြင်းသည် ပစ္စက္ခကာလ၏ ပကတိအခြေအနေပင်ဖြစ်သည်။ "မတူသည်များကိုခွဲလုပ်၊ တူသည်များကိုတွဲလုပ်"ကြခြင်းဖြင့် မျက်မှောက်မြန်မာ့နိုင်ငံရေး နယ်ပယ်သည် လေပြည်လေညင်း ပန်းသတင်းတို့ သင်းပျံ့ကာ ကမ္ဘာ့အလယ် တင့်တယ်သော အခြေအနေသို့ရောက်ရှိနေသည်မှာ အထင်အရှားဖြစ်သည်။ ဤဥပမာကို စံနမူနာယူ၍ မိမိတို့လူ့ဘောင်အဖွဲ့အစည်းတွင်လည်း အတွေးအခေါ်ဟောင်း၊ အလေ့အထဟောင်းများဖြစ်သည့် ဆန့်ကျင်ဘက်အင်အားစုများ၊ ကွဲပြားခြားနားသော အဖွဲ့အစည်းများတစ်ခုနှင့်တစ်ခု တွန်းကန်ဖယ်ရှားအနိုင်ယူလိုသည့် အမူအကျင့်စိတ်ဓာတ်ဟောင်းများကို စွန့်ကာ အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုလေးစားမှု၊ နားလည်လက်ခံမှုတို့ဖြင့် ယဉ်ကျေးမှုစံမြင့်မားသော လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်သော အခြေအနေတစ်ရပ်ဆီ ရောက်ရှိစေသင့်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လျှင် မြန်မာဘုရင်များလက်ထက်တွင်ဖြစ်စေ၊ လွတ်လပ်ရေးရပြီးနောက် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုလုံးတွင်ဖြစ်စေ လူနည်းစုနှင့် လူနည်းစုတို့ ကိုးကွယ်သော ဘာသာအယူဝါဒများနှင့်စပ်လျဉ်း၍ နှိမ့်ချခြင်း၊ နှိပ်ကွပ်ခြင်း အလျှင်းမရှိခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ လူနည်းစုတို့အနေဖြင့် လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာဝတ်ပြုခွင့်တို့ ယနေ့တိုင်မရသေးသောနိုင်ငံများ ကမ္ဘာပေါ်တွင်ရှိနေကြသေးသည့်တိုင် မြန်မာနိုင်ငံတွင်မူ အတိတ်ကရော မျက်မှောက်ကာလ ပစ္စုပ္ပန်တွင်ပါ လူနည်းစုတို့ကိုဖြစ်စေ၊ ၄င်းတို့၏ လွတ်လပ်စွာကိုးကွယ်ခွင့်ကိုဖြစ်စေ သာယာကြည်ဖြူစွာ ခွင့်ပြုပေးထားသည်ကို ငြင်းမရအောင် တွေ့ရှိနိုင်မည်ဖြစ်သည်။ အထူးပြု၍ဆိုချင်သည်မှာ နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံသားမှန်သမျှအပေါ် မျိုးနွယ်စုကိုအကြောင်းပြု၍ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအယူဝါဒကို အကြောင်းပြု၍ဖြစ်စေ၊ လူဦးရေနည်းခြင်း များခြင်းကို အကြောင်းပြု၍ဖြစ်စေ ခွဲခြားခြင်းမရှိဘဲ တစ်ခုတည်းသောဥပဒေ၏ အရိပ်အာဝါသအောက်တွင် တစ်ပြေးညီ ကာကွယ်စောင့်ရှောက်လျက်ရှိနေပါကြောင်း။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ နှုတ်ခွန်းဆက် စကားပြောကြားသည်။

အစီအစဉ်အရ သဘာပတိ ရွေးချယ်တင်မြှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား) ဦးဇော်ဌေးက ရွေးချယ်တင်မြှောက်ပွဲအဆင့်ဆင့်ကျင်းပခဲ့ပုံများကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌ ပန်တျာဦးမြကြည် (စစ်ကိုင်းတိုင်းဒေသကြီး)၊ အတွင်းရေးမှူး ဦးမိုးဝင်း(ရန်ကုန်တိုင်းဒေသကြီး) တို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို) ခေတ္တဥက္ကဋ္ဌ ဦးရဲဒွေးက ရွေးကောက်တင်မြှောက်ခြင်းခံရသည့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ပန်တျာဦးမြကြည်ထံ စာရင်းဇယားများကို စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

သစ်ပင်အိုပြိုမှာလား

သီပေါ မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး တစ်နေ့လျှင် ကားကြီးကားငယ်အသွယ်သွယ် စီးရေ ၂၀၀၀ ခန့် မြေပြန့်ဒေသနှင့် ကူးလူးဆက်သွယ်နေရသည့် အဓိကလမ်းမကြီးဖြစ်သည်။

ထိုသို့ အဓိကကျသည့် လမ်းကြောင်းပေါ် ဝယ်ဝိုင်းကောင် (မြို့ဟောင်း) ကျေးရွာနှင့် ဆွတ်လန်းကျေးရွာကြား မိုင်တိုင် ၁၃၂/၃ အနီးတွင် သက်တမ်းနှစ် ၁၀၀ ကျော်ရှိ သစ်ဆိမ့်သစ်ခြောက်ပင်ကြီးမှာ ယာဉ်သွားယာဉ်လာများနှင့် ခရီးသွားများအား အန္တရာယ်ကို ဖိတ်ခေါ်သည့်အလား တွေ့ရသည်မှာ။ **စိုင်း(သီပေါ)**

ပြည်မြို့တွင် ဘာသာပေါင်းစုံချစ်ကြည်ရေးအခမ်းအနားကျင်းပ

ပြည် မေ ၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သာနဲ့ဗိမာန် ဓမ္မာရုံတော်ကြီး၌ မတ် ၂၉ ရက် ညနေ ၄ နာရီက ဘာသာပေါင်းစုံချစ်ကြည်ရေးနှင့် ပြည်မြို့ ဇောတိကာရုံဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်မြို့ ဇောတိကာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဂုဏ္ဏာလဇောတိအမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် မိတ်ဆက်ပေးခြင်း၊ အစ္စလာမ်၊ ဟိန္ဒူ၊ ခရစ်ယာန်စသည့် ဘာသာရေးခေါင်းဆောင်များနှင့် မိတ်ဆက်ပေးခြင်းများပြုလုပ်ပြီး မြို့မိမြို့ဖတစ်ဦးက ဘာသာပေါင်းစုံ ချစ်ကြည်ရေးအတွက် ဆရာတော်များထံမှ ဩဝါဒခံယူပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီးနောက် ဆရာတော်၊ သံဃာတော်များက ဩဝါဒပေးတော်မူကြပြီး ဟိန္ဒူဘာသာရေးခေါင်းဆောင်၊ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်တို့က ယခုနိုင်ငံတော်အတွင်း၌ ဖြစ်ပေါ်နေသော အဓိကရုဏ်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး သာသနာရေးဦးစီးမှူးနှင့် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်တို့က လိုအပ်သည်များကို ဖြည့်စွက်လျှောက်ထားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်မြို့ ဇောတိကာရုံဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူအစရှိသည့် ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်(ပြည်)**

နိုင်ငံတကာဂေါက်သီးရိုက် ပြိုင်ပွဲတို့တွင် မြန်မာကစားသမားများ ဆုများအသီးသီးရရှိ

ရန်ကုန် မေ ၁

၂၀၁၃ ခုနှစ် မတ် ၂၆ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ Windsor Park & Golf Club, Bangkok ၌ ကျင်းပသည့် 12 th True Visions International Junior Golf Championships 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာဂေါက်သီးရိုက်အသင်းအနေဖြင့် အသင်းခေါင်းဆောင် ဦးမင်းသိန်း (ဒုတိယဥက္ကဋ္ဌ)၊ အသင်းအုပ်ချုပ်သူ ဦးမျိုးထွန်း (တွဲဖက်အထွေထွေအတွင်းရေးမှူး)တို့ ဦးဆောင်၍ သွားရောက် ယှဉ်ပြိုင်ခဲ့သည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် သက်တမ်းအလိုက်ပြိုင်ပွဲအမျိုးမျိုးတွင် အမျိုးသားအားကစားသမား ၁၂ ဦး၊ အမျိုးသမီးအားကစားသမားခြောက်ဦး၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင်နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၂၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီးဂေါက်သီး အားကစားသမား သင်းဝေခိုင်က Consolation ပြိုင်ပွဲ (Girl Class D)တွင် ပထမဆု၊ အမျိုးသား ဂေါက်သီးအားကစားသမားပြည့်မင်းရှိန်က Consolation ပြိုင်ပွဲ (Boy Class B)တွင် ပဉ္စမဆု၊ အမျိုးသားဂေါက်သီးအားကစားသမား ဖြိုးဇံက Consolation ပြိုင်ပွဲ (Boy Class D) တွင် ပဉ္စမဆုများ အသီးသီးရရှိခဲ့သည်။

ယင်းပြိုင်ပွဲမတိုင်ခင် ထိုင်းနိုင်ငံ Bangsai Country Club တွင် မတ် ၂၁ ရက်မှ ၂၂ ရက်ထိ ကျင်းပခဲ့သည့် The 23 rd Thailand Ladies Amateur Open ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဂေါက်သီးအားကစားသမား ဖူးပွင့်ရတီခိုင်သည် Flight B တွင် ပထမဆု ရရှိခဲ့သည်။

ကြိုဆိုနှုတ်ဆက်

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် မတ် ၃၀ ရက် နေ့လယ်ပိုင်းတွင် TG လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထိုင်းနိုင်ငံ "12 th True Visions International Junior Golf Championships 2013" ပြိုင်ပွဲနှင့် "The 23 rd Thailand Ladies Amateur Open 2013" ပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် မြန်မာအားကစားသမားများ။

မီး ဘေးရှောင်
မလောင်ခင်တား

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား လက်ခံတွေ့ဆုံ

စင်ကာပူလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

လက်ခံ တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူ သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန် ကင် ယမ်းအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့်ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E.Mr.Chua Hian Kong Robert လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက အဆွေတော်သမ္မတနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာပြည်သူများကိုယ်စား၊ အစိုးရအဖွဲ့ကိုယ်စား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ စင်ကာပူနိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် သမိုင်းကြောင်းအရ ချစ်ကြည်ရင်းနှီးမှုရှိပြီး နိုင်ငံများဖြစ်ပါကြောင်း၊ ယခုခရီးစဉ်သည် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအား ပိုမိုတိုးမြှင့် ခိုင်မာစေသော ခရီးစဉ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် အစိုးရအဖွဲ့ချင်းသာမက ပြည်သူချင်းလည်း နေ့စဉ်သွားလာဆက်သွယ်မှု ရှိနေပါကြောင်း၊ အဆွေတော် သမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ အလေးထားလာရောက်၍ မိမိအနေဖြင့် များစွာလေးစားဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ သမ္မတက မိမိအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ ထို့အတူ မိမိအား မြန်မာနိုင်ငံက လှိုက်လှဲနွေးထွေးစွာကြိုဆိုသည့်အတွက်လည်း ဝမ်းသာဂုဏ်ယူပါကြောင်း၊ နေပြည်တော်တွင် လက်ရှိ မြင်တွေ့နေရသည်များက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ထင်ဟပ်နေပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအပြန်အလှန် ဖြစ်ပေါ်တိုးတက်မှုများကို အကောင်အထည်ဖော် ဆောင်ကြဉ်းသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက မြန်မာနိုင်ငံတွင် နည်းပညာသင်တန်းကျောင်းဖွင့်လှစ်မည်ကို အဆွေတော်က လက်ခံသဖြင့် ဝမ်းမြောက်ရပါကြောင်း၊ မြန်မာနိုင်ငံရှိစက်မှုလုပ်ငန်းများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့်လူငယ်များ သင်ကြားလေ့ကျင့်ခွင့်ရမည်ဖြစ်သည့်အတွက် နှစ်ဖက်အကျိုးရှိမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် ပြည်သူတို့၏ဆန္ဒဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့၌ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များ ပြည့်စုံမှုမရှိသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေပါကြောင်း၊ ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကလည်း စီးပွားရေးနှင့်ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများကို များစွာဖြေလျှော့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက နိုင်ငံ၏ လိုအပ်ချက်များအနက် အရင်းအနှီးနှင့် နည်းပညာများ ရရှိလာမည်ဖြစ်ပြီး မိမိတို့အနေဖြင့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရန်ကိုသာ အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စင်ကာပူလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံသမ္မတများသည် စင်ကာပူလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ပညာရေး၊ အိုးအိမ်ဆောက်လုပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့သည် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံဆေးကုသရေးသင်တန်းဖွင့်

ကျွန်းလှ ဧပြီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံမွေးမြူ ဆေးကုသရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၃)ဖွင့်ပွဲကို ဧပြီ ၁ ရက် နံနက် ၈ နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာညွန့်သောင်းက အမှာစကားပြောကြား၍ သင်တန်းတွင် မွေးမြူရေးဘာသာရပ်၊ ဆေးကုသရေးနှင့်ခွဲစိတ်ကုသရေးဘာသာရပ်၊ ကူးစက်ရောဂါများအကြောင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကို ပို့ချမည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ကာ သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတကာသတင်း

မည်သည့်ရန်စမှုမျိုးကိုမဆို ပြင်းပြင်းထန်ထန်တုံ့ပြန်ရန် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး အမိန့်ပေး

ဆိုးလ်   ဧပြီ   ၁

မြောက်ကိုရီးယားအနေဖြင့် မည်သည့်နိုင်ငံရေးဆိုင်ရာဆင်ခြင်တွေးခေါ်မှုမျှမရှိဘဲ ရန်စမှုများပြုလုပ် လာလျှင် ပြင်းပြင်းထန်ထန်တုံ့ပြန်ရန် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး (ဝဲပုံ) က ဧပြီ ၁ ရက်တွင် စစ်တပ်ကို အမိန့်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မိမိတို့၏နိုင်ငံနှင့် ပြည်သူများအား ဆန့်ကျင်သည့် မည်သည့် ရန်စမှုများကိုမဆို ပြုလုပ်လာလျှင် စစ်တပ် အနေဖြင့် အဆိုပါရန်စမှုများကို ပြင်းပြင်းထန်ထန်တုံ့ပြန် သွားသင့်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ နှစ်ပတ် လည် မူဝါဒရေးရာအစီအစဉ်၏ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကျင်းပစဉ် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး၏ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟတ်သတင်းဌာနက ဖော်ပြသည်။ မကြာသေးမီအချိန်ကာလက မြောက်ကိုရီး ယားနိုင်ငံ၏ အလွန်ပြင်းထန်သော ခြိမ်းခြောက်မှု၊ ငြိမ်း ချမ်းရေးသဘောတူညီချက်ကို တရားဝင်ဖျက်သိမ်း သည့်ထုတ်ပြန်မှု၊ စစ်ဘက်ဆိုင်ရာဆက်သွယ်ရေးလိုင်း များပိတ်ဆို့မှုနှင့် အဖန်တလဲလဲစစ်ရေးခြိမ်းခြောက်မှုများ ကို မိမိအနေဖြင့် တွေ့မြင်ရကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၁၂ ရက်က ပြုံယမ်း၏ သုံးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုများနှင့် ကိုရီးယားကျွန်းဆွယ်ပေါ် နောက်တစ်ကြိမ် တောင်ကိုရီးယားနှင့် စစ်မက်ဖြစ်ပွားမည့် အခြေအနေတစ်ရပ်သို့ အရှိန်မြင့်ရောက်ရှိနေခဲ့ပြီဟု မြောက်ကိုရီးယားက ပြောကြားခဲ့ပြီးနောက် အဆိုပါ ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ရွေးချယ်ခံရသော ကင်ညာသမ္မတ ကင်ယက်တာထံ သမ္မတ အိုဘားမားက ဂုဏ်ယူစကားပြောကြား

ဝါရှင်တန်   ဧပြီ   ၁

ကင်ညာရွေးကောက်ပွဲတွင် အူဟူရူကင်ယက်တာ သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရသည်ကို အမေရိကန် သမ္မတ ဘားရက်အိုဘားမားက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု မတ် ၃၁ ရက် ဆင်ဟွာ သတင်းအရ သိရသည်။

ထို့အပြင် သမ္မတအိုဘားမားသည် ရွေးကောက်ပွဲရလဒ်ကို တညီတညွတ်တည်း ငြိမ်းချမ်းစွာ လက်ခံကြရန် ကင်ညာပြည်သူလူထုကိုလည်း တိုက်တွန်းစကားဆိုခဲ့သည်။

မတ် ၄ ရက် ကင်ညာရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတသည်ဟု ကင်ညာတရားရုံးချုပ်က မတ် ၃၀ ရက်တွင် တညီတညွတ်တည်း ဆုံးဖြတ်ချက်ချပြီးနောက် ကင်ယက်တာကို သမ္မတအဖြစ် ရွေးချယ်ခန့်အပ် ခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် ကင်ယက်တာ၏ အနိုင်ရမှုကို ပြိုင်ဘက်ဖြစ်သူ ဝန်ကြီးချုပ် ရေးလာအိုဒင်ဂါက တရားရုံးချုပ်သို့ ပန်ကြားလွှာတစ်စောင်တင်သဖြင့် လျှို့ဝှက်မဲပေးစနစ်ဖြင့် စီရင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လျှို့ဝှက်မဲပေးရာတွင် ကင်ယက်တာက မဲအရေအတွက် ၅၀ ဒသမ ၀၇ ရာခိုင်နှုန်းရရှိခဲ့ပြီး အိုဒင်ဂါသည် ၄၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့သည်။ **(ဆင်ဟွာ)**

ပြန်ပေးဆွဲခံရသည့် ဖင်လန်ဇနီးမောင်နှံလွတ်ရန် တပ်ဖွဲ့အင်အားသုံးမည်ဟု ယီမင်သမ္မတ ကတိကဝတ်ပြု

ဆာနာ   ဧပြီ   ၁

ပြီးခဲ့သည့် သုံးလက အယ်လ်ခိုင်ဒါ အဖွဲ့ဝင်များ ပြန်ပေးဆွဲဖမ်းဆီး သွားသည့် ဖင်လန်နိုင်ငံသား ဇနီး မောင်နှံ ပြန်လည်လွတ်မြောက်ရန် တပ်ဖွဲ့အင်အားအသုံးပြု လုပ်ဆောင် သွားမည်ဟု ယီမင်သမ္မတ အဘက် ရတ်ဘို မန်ဆော့ဟာဒီက ဧပြီ ၁ ရက်တွင် ကတိကဝတ်ပြု ပြော ကြားလိုက်ကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြသည်။

ပြောကြားခံ

ဖင်လန်ဇနီးမောင်နှံ ဘေးကင်း စွာနှင့် လွတ်မြောက်ရန်အတွက် အင်အားအသုံးပြုမှုအပါအဝင် ဖြစ် နိုင်ခြေရှိမည့် နည်းလမ်းများအားလုံး အသုံးပြုရမည်မှာ ယီမင်လုံခြုံ ရေးတပ်ဖွဲ့၏ တာဝန်တစ်ရပ်ဖြစ် ကြောင်း အလည်အပတ်ရောက်ရှိ နေသော ဖင်လန်နိုင်ငံခြားရေး ဝန်ကြီး အာကီကျူအိုမီယိုဂျာနှင့် တွေ့ ဆုံစဉ် သမ္မတဟာဒီက ပြောကြားခဲ့ သည်။

ရောက်ရှိခဲ့

ဖင်လန်နိုင်ငံခြားရေးဝန်ကြီး ကျူ အိုမီယိုဂျာသည် ပြန်ပေးဆွဲခံရသော ၎င်း၏နိုင်ငံသားများ လွတ်မြောက်ရန် ကိစ္စနှင့်ပတ်သက်ပြီး ယီမင်အစိုးရ အရာရှိများနှင့်ဆွေးနွေးရန် ဆာနာ မြို့သို့ မတ် ၃၁ ရက်က ရောက်ရှိခဲ့ ခြင်းဖြစ်သည်။

မြို့တော် ဆာနာရှိ ကျောင်းတစ် ကျောင်းတွင် အာရပ်ဘာသာစကား သင်ကြားနေကြသည့် ဖင်လန်ဇနီး မောင်နှံသည် ဆာနာမြို့အတွင်းရှိ လမ်းတစ်လမ်းတွင် သြစတြေးလျမှ ၎င်းတို့၏ သူငယ်ချင်းဖြစ်သူတစ်ဦး နှင့်အတူ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ် သည်။ **(ဆင်ဟွာ)**

တင်မောင်လွင် စုစည်းသည်

ပြင်သစ်နိုင်ငံမြောက်ပိုင်း၌ မီးလောင်မှုတစ်ခုဖြစ်ပွား

ပါရီ   ဧပြီ   ၁

ပြင်သစ်နိုင်ငံမြောက်ပိုင်း စိန့်ကွင်နတ်တင်းအရပ်၌ အိမ် တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ အသက်နှစ်နှစ်မှ ၁၀ နှစ်ကြားအရွယ်ရှိ ကလေးငါးဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။ အိမ်ရှင်ဖခင်ဖြစ်သူမှာ မီးလောင်မှုအတွင်း ဒဏ်ရာအနည်း ငယ်ရရှိခဲ့သော်လည်း မစိုးရိမ်ရသောအခြေအနေတွင်ရှိ သည်ဟု ဒေသဆိုင်ရာသတင်းဌာနက ထုတ်ပြန်ခဲ့သည်။

လောင်ကျွမ်း

အဆိုပါမီးလောင်မှုသည် ဒေသစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်က ကလေး များ အိပ်စက်ပွဲတော်ကျင်းပနေချိန်ဖြစ်သည်။ အဆိုပါ မီးလောင်မှုသည် မတော်တဆမှုကြောင့် လောင်ကျွမ်းခြင်း ဖြစ်သည်ဟု ကနဦးသတင်းများတွင် ဖော်ပြထားသော် လည်း မီးသတ်တပ်ဖွဲ့ဝင်များက ယင်းကဲ့သို့ အဖြစ်ဆိုးလှ သောမီးလောင်မှုသည် ရှို့မီးကြောင့်သာဖြစ်ရမည်ဟု ဆိုကြ သည်။

မီးလောင်နေစဉ် အိမ်ရှင်ဖခင်ဖြစ်သူမှာ ပြတင်း ပေါက်မှခုန်ထွက်ခဲ့ပြီး အော်ဟစ်အကူအညီတောင်းခဲ့ သည်ဟုဆိုသည်။ အိမ်နီးချင်းများနှင့် ဒေသလုံခြုံရေး တပ်ဖွဲ့ဝင်များရောက်လာပြီး ကူညီရန်ကြိုးစားခဲ့သော်လည်း မီးတောက်အားကြီးလွန်းသဖြင့် ဝင်ရောက်ရန် မတတ်နိုင် ဖြစ်ခဲ့ရသည်။ အဆိုပါ မီးလောင်ကျွမ်းအဆောက်အအုံ ထဲတွင် ကလေးငါးဦး၏အလောင်းများ တွေ့ရှိခဲ့ရပြီး အသက်ရှူကျပ်၍ သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟု ဒေသ ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါမီးလောင်မှုသည် လူသုံးဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သော အခြားမီးလောင်မှုတစ်ခုဖြစ်ပြီး နောက် တစ်ရက်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တာဝန်ရှိသူများက ယင်းမီးလောင်မှုများကို သံသယရှိသဖြင့် စုံစမ်းစစ် ဆေးမှုများပြုလုပ်နေသည်ဟု သိရသည်။ **(ရိုက်တာ)**

အမေရိကန်က F-22 တိုက်လေယာဉ်များ တောင်ကိုရီးယားသို့ပေးပို့

ဝါရှင်တန်   ဧပြီ   ၁

ကိုရီးယားကျွန်းဆွယ်ပေါ် တင်းမာမှုများအရှိန်မြင့်မားလာသည့်အတောအတွင်း တောင်ကိုရီးယားနှင့် ပူးပေါင်းစစ်ရေး လေ့ကျင့်ရန် ရေဒါဖမ်းယူရန်ခက်ခဲသည့် F-22 ဂျက်တိုက်လေယာဉ်များကို အမေရိကန်က တောင်ကိုရီးယားသို့ ပေးပို့ ခဲ့ကြောင်း ဧပြီ ၁ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရေဒါရှောင်ကွင်းနိုင်ပြီး အဆင့်မြင့်တင်ထားသော F-22 Raptors ဂျက်တိုက်လေယာဉ်များကို တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်အဓိကလေတပ်အခြေစိုက်စခန်းဖြစ်သည့် အိုဆန်လေတပ်စခန်းသို့ မတ် ၃၁ ရက်က ဖြန့်ကြက်ချထား ပေးခဲ့ကြောင်း တောင်ကိုရီးယားရှိ အမေရိကန်အုပ်ချုပ် ရေးအဖွဲ့က ပြောကြားသည်။

F-22 ဂျက် တိုက်လေယာဉ်များ။

ဖြန့်ကြက်ချထား

မြောက်ကိုရီးယား၏ စစ်ရေးခြိမ်းခြောက်မှုများကို စစ်ရေးအရ ရင်ဆိုင်ရာတွင် တောင်ကိုရီးယားအား ကာကွယ်ရန် ဝါရှင်တန်၏ ကတိကဝတ်ထားချက်တစ်ရပ် အနေဖြင့် အဆိုပါဂျက်တိုက်လေယာဉ်များ ဖြန့်ကြက်ချထား ပေးခြင်းဖြစ်ကြောင်း အမေရိကန်က ပြောကြားသည်။

ပျံသန်းခဲ့

မကြာသေးမီရက်များကလည်း မြောက်ကိုရီးယားက လေတစ်လုံး မိုးတစ်လုံးဖြင့် ဒေါသထွက်ပြောဆိုနေသည့် ကြားမှပင် B-52 ဗုံးကြဲလေယာဉ်များနှင့် F-22 ဂျက်တိုက် လေယာဉ်များ အဆိုပါဒေသယာဝေဟင်ပေါ် ပျံသန်းခဲ့ သည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့အနေဖြင့် တောင် ကိုရီးယားနှင့် စစ်ပွဲဖြစ်ပွားမည့်အနေအထားတစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း မတ် ၃၀ ရက်က ထုတ်ပြန် ကြေညာခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

❖ ရှေ့ဖုံးမှ

ကြသည့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးငြေးအောင်နှင့် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်တို့အား စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့် ပြန်လည် မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆို

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နှစ်နိုင်ငံသမ္မတတို့အား နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ (ဝဲပုံ)

(သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုံညီခုံရုံးမှ ပြစ်မှုနှင့် တရားမမှုများစီရင်ချက်ချ

နေပြည်တော် မေ ၁

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၂)မှု၊ တရားမ အထူးအယူခံမှု(၄)မှုနှင့် တရားမအထွေထွေ လျှောက်ထားမှု(စာချွန်တော်)(၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၂)မှုနှင့် တရားမ အထူးအယူခံမှု(၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သူလယ်သမားများအားကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲပြုစုရေးတွေ့ဆုံညှိနှိုင်းစည်းဝေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁

တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲပြုစုရေး တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိရည့်ခန်းမဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌဦးစိုးနိုင်၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ၊ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ စီးပွားရေး ပညာရှင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး စားဝတ်နေရေး အဆင်ပြေစေရန်အတွက် တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရေးဆွဲပြုစုနိုင်ရန် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးဖြစ်ပါကြောင်း။

တိုက်တွန်းမှာကြား

သို့ပါ၍ တောင်သူလယ်သမားများနှင့် အလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားများ အရည်အသွေးကောင်းမွန်သော သီးနှံများအား ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အရင်းအနှီးနှင့် နည်းပညာများ ရရှိရေး၊ သီးနှံများအား ထိုက်သင့်သော ဈေးနှုန်းဖြင့်ရောင်းချနိုင်မည့် ဈေးကွက်ပေါ်ထွန်းရေးအတွက် ဥပဒေတစ်ရပ်ကို ရေးဆွဲနိုင်ရန် လွှတ်တော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ အသင်းချုပ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ပညာရှင်များက မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများ၊ နိုင်ငံတကာအတွေ့အကြုံများကို ပေါင်းစပ်ပြီး ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းမှာကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းချုပ်ဥက္ကဋ္ဌများ၊ စီးပွားရေး ပညာရှင်များ၊ တောင်သူလယ်သမားများက တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲရာတွင် ထည့်သွင်း ရေးဆွဲနိုင်ရေးအတွက် ၎င်းတို့၏ ပြည်တွင်းပြည်ပလုပ်ငန်းဆိုင်ရာအတွေ့အကြုံများကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားကာ ဆင်းရဲပြီး အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို အမြန်ဆုံးရေးဆွဲပြုစုနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ညှိနှိုင်းစည်းဝေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲပြုစုရေး တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကံထူးရှင်များထွက်ပေါ်

နေပြည်တော် မေ ၁

(၂၉၁) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀) ဆု

ဒု-၁၁၉၀၇၀

ကျပ်သိန်း (၁၀၀၀) ဆု

ဏ-၄၇၃၀၂၁

ကျပ်သိန်း (၅၀၀) ဆု

ပ-၇၉၅၆၁၃

ကျပ်သိန်း (၃၀၀) ဆုများ

ဌ-၇၃၀၆၄၇ ဒု-၇၆၄၁၁၉

ကျပ်သိန်း (၂၀၀)ဆုများ

ဂ-၅၂၅၆၉၆ သ-၉၃၇၆၇၅

ကက-၄၇၅၁၂၈ ဒု-၈၉၆၅၇၁

ခ-၃၄၄၈၆၃ ဋ-၄၈၀၃၂၆

ကျပ်သိန်း(၁၀၀)ဆု (မင်္ဂလာစုံတွဲ)

ဘ-၉၅၀၅၄၇ ဖ-၃၉၁၇၅၀

န-၁၄၇၂၅၆ ဇ-၈၀၅၈၅၈

သ-၂၅၉၁၄၇ ဇ-၄၉၃၁၈၁

လ-၉၉၁၂၇၄ က-၈၀၃၂၅၂

ဌ-၇၄၇၉၇၁ ဖ-၈၀၈၁၁၀

ဂ-၇၆၆၆၁၄

ဆ-၈၃၄၄၃၀

တ-၈၅၃၄၇၄

ပ-၇၃၃၅၉၁

သ-၁၀၆၉၄၅

ပဋ္ဌာန်းရောင်တော်ဖွင့် အသင်းမှ သွေးလှူဒါန်း

ရန်ကုန် မေ ၁

ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် (၅၀၀)၌ မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်းမှ အင်အား ၉၀တို့သည် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအသုံးပြုရန် (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများဘက်စုံထူးချွန် အပန်းဖြေစခန်းများဖွင့်

ပုသိမ် မေ ၁

ပညာရေးဝန်ကြီးဌာန ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူလေးများ ဘက်စုံထူးချွန် အပန်းဖြေပုလဲငွေဆောင်စခန်း ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီခန့်က ငွေဆောင်မြို့နယ်ခွဲ ပုလဲငွေဆောင်စခန်း၌ကျင်းပသည်။ **(ယာပုံ)** အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဘက်စုံထူးချွန် အပန်းဖြေစခန်းဖွင့်ပွဲ အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က လှိုက်လှဲပျူငှာစွာ နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့်အတူ ဘက်စုံထူးချွန်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ဘက်စုံထူးချွန်အပန်းဖြေစခန်းစခန်းမှူးက ဖွင့်ပွဲအမှတ်တရ မော်ကွန်း တံဆိပ်ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူထံ ပေးအပ်သည်။ ထို့နောက် ဘက်စုံထူးချွန် မောင်မယ်များကိုယ်စား ထူးချွန်လူငယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာ အမက (၁၀)၊ အမက (၂၀)၊ အမက (၂၄)မှ ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်ဖြေဖျော်ခြင်း၊ ဇာတိမာန်တေးသီချင်းများဖြင့် ဂုဏ်ပြုညှော့ခံ၍အခမ်းအနားကို အောင်မြင်စွာ ဖွင့်လှစ်ကြောင်း သိရှိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအေးကြူ အမှတ်(၃)အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ မြန်မာနိုင်ငံစာစစ်ဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ စုံညီစွာ တက်ရောက်ကြသည်။ အဆိုပါအခမ်းအနားတွင် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူလေးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဦးအေးကြူတို့သည် ပုလဲငွေဆောင်ဟိုတယ်၌ နေ့လယ်စာကို တပျော်တပါးအတူတကွ သုံးဆောင်ကြသည်။ ယင်းနေ့ ညနေ ၃ နာရီခွဲမှ ၅ နာရီအထိ ပင်လယ်ပြင်တွင် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူလေးများသည် ပင်လယ်ဗဟုသုတ ရှာဖွေလေ့လာရင်း တပျော်တပါး ရေကူးကြကြောင်း သိရှိရသည်။

အလားတူ ညောင်ဦးခရိုင်တွင် လေ့လာရေးရောက်ရှိနေသော ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများ၏ ဘက်စုံထူးချွန် အပန်းဖြေစခန်း (ပုဂံ)ဖွင့်ပွဲကို မေ ၁ ရက် နံနက်ပိုင်းက ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၀ တို့ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ အခမ်းအနားကို ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူသုံးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအလိုက် အမှတ်တရ ရင်ထိုးတံဆိပ်ပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် ညောင်ဦး (ပုဂံ)မြို့သို့ မေ ၃၀ ရက်က လေ့လာရေးခရီးအဖြစ် ရောက်ရှိခဲ့သည်။ ယင်းအဖွဲ့သည် မေ ၂ ရက်တွင် ပုဂံမြို့မှ ပုပ္ပားသို့ သွားရောက်၍ တောင်ကလပ်၊ သစ်တောပြတိုက်၊ ပရဆေးဥယျာဉ်နှင့် popa mountain resort တို့ကို လေ့လာမည်ဖြစ်ကြောင်း၊ မေ ၃ ရက်တွင် ချောက်မြို့ရှိ ရေနံချက်စက်ရုံနှင့် ဓာတ်မြေသြဇာ စက်ရုံ၊ ထိုမှတစ်ဆင့် စလေမြို့ ရုပ်စုံကျောင်းတို့ကို သွားရောက်လေ့လာမည်ဖြစ်ကြောင်း၊ မေ ၄ ရက်တွင် ပခုက္ကူမြို့သို့သွားရောက်၍ သီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ်(သရက္ခန်)ဘုရား၊ ပခန်းကြီး စည်သူရှင်ဘုရားနှင့် ပခန်းကြီးကျောင်းတို့ကို လေ့လာပြီး အပြန်တွင် ပုဂံမြို့ဟောင်းရှိ ပုဂံနန်းတော်ကို ဝင်ရောက်လေ့လာမည်ဖြစ်ကြောင်း၊ မေ ၅ ရက်တွင် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းပိတ်ပွဲအခမ်းအနား ကျင်းပ၍ နေ့လယ်စာစားကာ နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ထို့ပြင် ၂၀၁၃ ခုနှစ် အင်းလေး ဘက်စုံထူးချွန် အပန်းဖြေစခန်းကို မေ ၁ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အင်းလေး ဘက်စုံထူးချွန်အပန်းဖြေစခန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဘက်စုံထူးချွန် ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက ဘက်စုံထူးချွန် ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးအား လည်းကောင်း ရင်ထိုးတံဆိပ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အနာဂတ်အတွက် အားထားရမည့် သားကောင်းသမီးမွန် ဘက်စုံပညာထူးချွန်လူငယ်များ

တွေ့ဆုံမေးမြန်း
မြင့်ဝေလှိုင်

ဦးကိုကိုတင်
ညွှန်ကြားရေးမှူးချုပ်
ပညာရေးစီမံကိန်းနှင့်
လေ့ကျင့်ရေးဦးစီးဌာန။

ဘက်စုံပညာထူးချွန်စွာဖြင့် နိုင်ငံ့ဂုဏ် မြင့်တင်ဂုဏ်ဆောင်ကြမည့် သားကောင်းမောင်မယ်တို့ အပန်းဖြေရာ စခန်းသာများဖြစ်ကြသည့် ပုဂံ၊ အင်းလေးနှင့် ငွေဆောင်အပန်းဖြေစခန်းများကို မေ ၁ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ပညာရည်ထူးချွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များအား အပန်းဖြေစခန်းများသို့ စေလွှတ်ကာ ဂုဏ်ပြုချီးမြှင့်ခဲ့သော လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်က အကောင်အထည်ဖော်ခဲ့ဖူးသည်။ ယနေ့ကာလ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသူများ၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ အသက် ၅၀ ဝန်းကျင်များထဲတွင် ထိုခေတ်ကာလက လူရည်ချွန်အဖြစ် ရွေးချယ်ခံရသူများ ရှိနေဆဲဖြစ်သည်။

ထိုစဉ်က အင်းလေးခေါင်တိုင်စခန်း၊ ငပလီကမ်းခြေသာတို့တွင် နိုင်ငံတစ်ဝန်းမှ ထူးချွန်တိုင်းရင်းသားလူငယ်များ အပန်းဖြေရင်း တွေ့ဆုံခွင့်ရခဲ့ကြသည်။ အသိပညာဗဟုသုတများ၊ ဒေသအတွင်း ယဉ်ကျေးမှုရေးရာများ၊ အတွေ့အကြုံများ ဖလှယ်ခွင့်ရခဲ့ကြသည်။

ယခုတစ်ဖန် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အခြေခံပညာကျောင်းသား ကျောင်းသူများကို ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ စာရိတ္တကောင်းမွန်သူများပေါ်ထွန်းလာစေရေးအတွက်“ဘက်စုံပညာထူးချွန်လူငယ်များ”အဖြစ် ရွေးချယ်ဂုဏ်ပြုရန် သက်ဆိုင်ရာက စီမံဆောင်ရွက်ခဲ့သည်။

ထိုသို့စီမံဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ လေ့လာသိရှိနိုင်ရန် ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်း ဗဟိုကော်မတီအတွင်းရေးမှူးဖြစ်သူ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်ကို တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

မေး ။ ။ ဒီနှစ်စတင်အကောင်အထည်ဖော်တဲ့ ဘက်စုံပညာထူးချွန်လူငယ် ရွေးချယ်ချီးမြှင့်ရခြင်းရဲ့ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ ။ ။ ရည်ရွယ်ချက်(၅)ရပ် ရှိပါတယ်။ အဲဒါတွေကတော့ ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းလို့ စာရိတ္တလည်းကောင်းမွန်တဲ့ နိုင်ငံ့သားကောင်းတွေပေါ်ထွန်းလာစေဖို့၊ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ပိုမိုစိတ်ဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်စေဖို့၊ မှန်ကန်တဲ့အကျိုးပြု ယှဉ်ပြိုင်မှုနဲ့ ဘက်စုံပညာအရည်အသွေးတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ အများနဲ့စုပေါင်းနေထိုင်တတ်တဲ့ အလေ့အကျင့်ကောင်းတွေဖြစ်ထွန်းလာစေဖို့နဲ့ ဒေသန္တရ ဗဟုသုတတွေရရှိလာစေဖို့ နောက်ဆုံးအချက်ကတော့ ကျောင်းသား ကျောင်းသူတွေရဲ့စံနမူနာပြ လူငယ်တွေပေါ်ထွန်းလာစေဖို့ စတာတွေပဲ ဖြစ်ပါတယ်။

မေး ။ ။ ဘက်စုံပညာထူးချွန်လူငယ်တစ်ဦးဖြစ်လာဖို့အတွက် ရွေးချယ်ခဲ့ပုံ အဆင့်ဆင့်ကို သိပါရစေ။

ဖြေ ။ ။ ရွေးချယ်တဲ့အခါမှာ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်ရယ်လို့ အဆင့်ဆင့်သတ်မှတ် ရွေးချယ်တာဖြစ်ပါတယ်။ ရွေးချယ်တဲ့အတန်းတွေကတော့ အဋ္ဌမတန်း၊ နဝမတန်းနဲ့ ဒသမတန်းတွေပဲ ဖြစ်ပါတယ်။ မေးမြန်းတဲ့မေးခွန်းတွေက (၁) မြန်မာစာ၊ (၂) အင်္ဂလိပ်စာ၊ (၃) အထွေထွေဗဟုသုတ၊ (၄) လူတွေ့နှုတ်ဖြေ၊ ကိုယ်ကာယကြံ့ခိုင်ရေးနဲ့ ယုံကြည်မှုဘာသာရပ်တွေပဲဖြစ်ပါတယ်။ ဘာသာရပ်တစ်မျိုးစီကို အမှတ် ၁၀၀ စီပေးထားပါတယ်။ ဘာသာရပ်အလိုက် မေးခွန်းတွေဟာလည်း အလွတ်ကျက်မှတ်ဖြေဆိုရတဲ့ မေးခွန်းပုံစံမျိုးမဟုတ်ဘဲ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုအတိုင်းအတာကို ဖော်ထုတ်နိုင်တဲ့ မေးခွန်းပုံစံမျိုးဖြစ်ပါတယ်။

မေး ။ ။ ရွေးချယ်တဲ့နေရာမှာ မြို့နယ်၊ ခရိုင်အလိုက် ရွေးချယ်ရမယ့် အရေအတွက် သတ်မှတ်ထားတာမျိုး ရှိပါသလား။

ဖြေ ။ ။ အရေအတွက် သတ်မှတ်ချက်အနေနဲ့တော့ ခရိုင်အတွင်းမှာ ငါးမြို့နယ်နဲ့အောက်ဆိုရင် နှစ်ဦးစီ၊ ၁၂မြို့နယ်နဲ့အောက်ဆိုရင် လေးဦးစီ၊ ၁၃ မြို့နယ်နဲ့အောက်ဆိုရင်ခြောက်ဦးစီ ရွေးချယ်ဖို့သတ်မှတ်ထားပါတယ်။ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ပြန်စုစည်းလိုက်ရင် အဋ္ဌမတန်းအတွက် ၁၇၀၊ နဝမတန်းအတွက် ၁၇၀၊ ဒသမတန်းအတွက် ၁၇၀ စုစုပေါင်းဦးရေ ၅၁၀ ဖြစ်ပါတယ်။

မေး ။ ။ နောင်မှာ တက္ကသိုလ်ကောလိပ်တွေမှာရော ဘက်စုံပညာထူးချွန်လူငယ်တွေ ရွေးချယ်မယ့် အစီအစဉ်ရှိ/မရှိ သိပါရစေ။

ဖြေ ။ ။ လာမယ့်နှစ်မှာတော့ တက္ကသိုလ်၊ ကောလိပ် ပထမနှစ်ကျောင်းသား ကျောင်းသူတွေထဲက ထူးချွန်လူငယ်တွေကို ရွေးချယ်ဖို့ အစီအစဉ်ရှိပါတယ်။

မေး ။ ။ ဒီနှစ်အတွက် ဘက်စုံပညာထူးချွန်လူငယ်တွေကိုတော့ ပုဂံ၊ အင်းလေးနဲ့ ငွေဆောင်အပန်းဖြေစခန်းတွေကို စေလွှတ်တယ်လို့ သိရပါတယ်။ ဘယ်လိုအစီအစဉ်နဲ့ ဘယ်နှယောက်စီခွဲပြီး စေလွှတ်တာလဲဆိုတာ သိပါရစေ။

ဖြေ ။ ။ ပုဂံအပန်းဖြေစခန်းကိုတော့ အဋ္ဌမတန်း၊ အင်းလေးကိုတော့ နဝမတန်းနဲ့ ငွေဆောင်အပန်းဖြေစခန်းကိုတော့ ဒသမတန်း ကျောင်းသား ကျောင်းသူတွေကို စေလွှတ်ပါတယ်။ အတန်းလိုက် ၁၇၀ စီခွဲပြီး စေလွှတ်တာဖြစ်ပါတယ်။

ဆက်လက်ပြီး ဘက်စုံပညာထူးချွန်လူငယ်များ၏ အပန်းဖြေအစီအစဉ်များနှင့်ပတ်သက်ပြီး ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူး ဒေါ်ခင်မာထွေးထံ ဆက်လက်မေးမြန်းခွင့် ရရှိခဲ့ပါသည်။

မေး ။ ။ ဆရာမခင်ဗျား- မေ ၁ ရက်နေ့မှာ အပန်းဖြေစခန်းသုံးခုစလုံး ဖွင့်လှစ်ပြီး အပန်းဖြေအစီအစဉ်ကို စတင်ခဲ့တယ်လို့ သိရပါတယ်။ ထူးချွန်ကျောင်းသား ကျောင်းသူတွေရဲ့အပန်းဖြေ အစီအစဉ်နဲ့ပတ်သက်လို့ သိပါရစေ။

ဖြေ ။ ။ ဘက်စုံပညာထူးချွန်လူငယ်တွေဟာ သက်ဆိုင်ရာ အပန်းဖြေစခန်းမှာ မေ ၁ ရက်ကနေ မေ ၄ ရက်နေ့အထိ ရှိနေကြမှာဖြစ်ပြီး မေ ၄ ရက်နေ့မှာ စခန်းသိမ်းပွဲနဲ့ဂုဏ်ပြုညစာစားပွဲကျင်းပမှာ ဖြစ်ပါတယ်။ အပန်းဖြေစဉ်ကာလမှာတော့ လေ့လာရေးခရီးစဉ်တွေ၊ ဟောပြောပွဲအစီအစဉ်တွေနဲ့ လူငယ်အချင်းချင်း အတွေ့အကြုံ ဗဟုသုတဖလှယ်တဲ့ အစီအစဉ်တွေ ပြုလုပ်ပေးမှာဖြစ်ပါတယ်။

မေး ။ ။ စခန်းသိမ်းပွဲ ပြီးရင် နေပြည်တော်မှာ ကင်းထောက် လူငယ်တွေနဲ့ တွေ့ဆုံဖို့ အစီအစဉ်လည်းရှိတယ်လို့ သိရပါတယ်။ ဟုတ်ပါသလား ဆရာမ။

ဖြေ ။ ။ ဟုတ်ပါတယ်။ မေ ၅ ရက်နေ့မှာ သက်ဆိုင်ရာ အပန်းဖြေစခန်းကနေ နေပြည်တော် စုပေါင်းဘက်စုံပညာထူးချွန်လူငယ်များ စခန်းကို ဝင်ရောက်ကြမှာဖြစ်ပါတယ်။ အဲဒီမှာ မေ ၂ ရက်နေ့ကတည်းက ရောက်ရှိနေတဲ့ ကင်းထောက်လူငယ်တွေနဲ့တွေ့ဆုံမှာဖြစ်ပါတယ်။ တွေ့ဆုံမယ့် စခန်းနေရာကတော့ နေပြည်တော် အမှတ်(၇)တည်းခိုရေးစခန်း ရွာတော်မှာဖြစ်ပါတယ်။

မေး ။ ။ တွေ့ဆုံပွဲ အစီအစဉ်ကို သိပါရစေ။

ဖြေ ။ ။ မေ ၆ ရက်နေ့မှာ ဘက်စုံပညာထူးချွန် လူငယ်တွေဟာ နေပြည်တော်ဝန်းကျင်ကို လေ့လာရေးခရီး ထွက်ပြီးတဲ့နောက် ကင်းထောက်လူငယ်တွေနဲ့တွေ့ဆုံပြီး အသိအမြင်တွေ ဖလှယ်ကြမှာဖြစ်ပါတယ်။ မေ ၇ ရက်မှာတော့ သရုပ်ပြဖျော်ဖြေမှုတွေပြုလုပ်ပြီး ညပိုင်းမှာ MICC မှာ ဂုဏ်ပြုတွေ့ဆုံပွဲနဲ့ ညစာစားပွဲပြုလုပ်ပေးမှာဖြစ်ပါတယ်။ အဲဒီနောက် မေ ၈ ရက်နေ့ နံနက်မှာတော့ လူငယ်တွေအားလုံး နေပြည်တော်စုပေါင်းစခန်းကနေ နေရပ်အသီးသီးကို ပြန်လည်ထွက်ခွာကြမှာဖြစ်ပါတယ်။

အနာဂတ်ကာလတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့် အတတ်ပညာ၊ အသိပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ယနေ့ကာလလူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရန် အထူးလိုအပ်လှပေသည်။ ယခင်ကလည်း ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များအဖြစ် လေ့ကျင့်ပျိုးထောင်ရန် ရည်ရွယ်ပြီး လူရည်ချွန်စီမံကိန်းကို ၁၉၆၄ခုနှစ်က အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင် (၂၅)ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကို ဖော်ဆောင်ခဲ့ပြီးနောက် ရပ်နားခဲ့ကြောင်း သိရသည်။ ထိုစဉ်ကာလ ၂၅နှစ်တာ ကာလအတွင်း ၇ ထပ်ကွမ်းလူရည်ချွန် နှစ်ဦး၊ ၆ ထပ်ကွမ်းလူရည်ချွန် ၁၉ ဦး၊ ၅ ထပ်ကွမ်းလူရည်ချွန် ၄၃ ဦး၊ ၄ ထပ်ကွမ်း လူရည်ချွန် ၂၃၇ ဦး၊ ၃ ထပ်ကွမ်းလူရည်ချွန် ၆၂၃ဦး၊ ၂ ထပ်ကွမ်းလူရည်ချွန် ၁၃၉၃ ဦး၊ ထပ်ကွမ်းမရသော လူရည်ချွန် ၅၅၉၁ ဦး ပေါ်ထွန်းခဲ့ကြောင်း သိရှိရသည်။

ယခုအခါ ဘက်စုံပညာထူးချွန်လူငယ်များကိုလည်း ပြန်လည်မွေးထုတ်ပြုစုပျိုးထောင်လျက်ရှိနေပြီဖြစ်ရာ အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် စွမ်းအားမြင့် လူသားအရင်းအမြစ် အများအပြား ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပုဂ္ဂလိကပိုင်သတင်းစာ လေးစောင် စတင်ထွက်ရှိ တစ်ပြေးညီ တစ်စောင်ငွေကျပ် ၂၀၀ နှုန်းဖြင့်ရောင်း

သတင်းနှင့် ဓာတ်ပုံ
မြင့်မောင်စိုး

ရန်ကုန် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေခွင့်ပြုလိုက်သော ပုဂ္ဂလိကသတင်းစာများအနက် မေ ၁ ရက်တွင် သတင်းစာလေးမျိုး ထွက်ရှိလာသည်ကိုတွေ့ရသည်။

"ကျွန်မတို့ဆိုင်မှာ ဒီနေ့နံနက် ပြည်ထောင်စုနေ့စဉ်၊ စံတော်ချိန်၊ The Voice နဲ့ ရွှေနိုင်ငံသစ်ဆိုတဲ့ သတင်းစာလေးစောင် စထွက်လာတာတွေ့ရတယ်။ လက်လီရောင်းဈေးကတော့ ကြိုက်တာယူ တစ်ပြေးညီ ငွေကျပ်၂၀၀ နှုန်းပါပဲ၊ ပုဂ္ဂလိကသတင်းစာတွေက စထွက်ခါစ ထိန်းထုတ်နေလို့လားမသိဘူး၊ ကျွန်မတို့ဆိုင်မှာ တစ်မျိုးသုံးစောင်လောက်ပဲရတယ်။ စထွက်ခါစဆိုတော့ ဝယ်ဖတ်ကြတဲ့သူတွေကတော့ ရှိပါတယ်။ နောက်ပိုင်းတော့ မပြောတတ်ဘူး။ ဘယ်သူတွေတက်ပြီး ဘယ်သူတွေကျမလဲတော့ မသိဘူး၊ ထွက်တော့ ထွက်လာကုန်ပြီ" ဟု သာကေတဂျာနယ်နှင့် သတင်းစာ အရောင်းဆိုင်မှ ဒေါ်ဝင်းဝင်းမြတ်က ပြောကြားသည်။

လက်ရှိ ထွက်လာသော ပြည်ထောင်စုသတင်းစာမှာ ဆိုဒ်အကြီးဆုံးဖြစ်သည်။ စာမျက်နှာ ၁၂ မျက်နှာပါရှိသည်။ စံတော်ချိန်သတင်းစာမှာ မကြာမီကထွက်ရှိခဲ့သည့် The Standard Time သတင်းဂျာနယ်မှ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း စာမျက်နှာ ၂၀ ဖြင့်ထုတ်ဝေထားသည်ကိုတွေ့ရသည်။

ထို့အတူ The Voice မှာလည်း သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေထားသည်။ ၎င်းသတင်းစာကို စာမျက်နှာ ၂၀ ဖြင့် ထုတ်ဝေထားသည်။ ရွှေနိုင်ငံသစ်သတင်းစာမှာ အဖုံးကို စက္ကူအချောဖြင့် ရိုက်နှိပ်ထားသည်။ အတွင်းစာမျက်နှာများမှာ ပုံမှန်စက္ကူများ သုံးထားသည်။ စုစုပေါင်းစာမျက်နှာ ၂၀ သုံးထားသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကသတင်းစာများကို ထုတ်ဝေခွင့်ပြုခဲ့ရာတွင် ပထမရှစ်စောင်၊ နောက်ထပ်ခွင့်ပြုရှစ်စောင် စုစုပေါင်း ၁၆ စောင်ရှိသည်။ လောလောဆယ် ပုဂ္ဂလိက သတင်းစာလေးစောင်သာထုတ်ဝေထားသည်ကိုတွေ့ရသော်လည်း လာမည့် မေလအတွင်း ပုဂ္ဂလိက သတင်းစာအတော်များများ ထွက်ရှိလာလိမ့်မည်ဟု သတင်းများကြားသိရသည်။ အချို့သော သတင်းစာများမှာ ထွက်ရှိရန် အဆင်သင့် မဖြစ်သေး၍ ပြင်ဆင် လုံးပန်းနေကြဆဲ ဖြစ်ကြောင်း သိရသည်။

လက်ရှိ နိုင်ငံပိုင် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့အပြင် ပုဂ္ဂလိကသတင်းစာများထွက်ရှိလာပြီဖြစ်၍ ပြည်သူတို့သိချင်သော သတင်းများ၊ ဆောင်းပါးများ၊ သတင်းအချက်အလက်များ ပိုမိုသိရှိခွင့် ရရှိလာတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆီးဂိမ်းပြိုင်ပွဲတွင် စပွန်ဆာပေးလိုသည့်ကုမ္ပဏီ ဆက်သွယ်နိုင်

နေပြည်တော် မေ ၁

နေပြည်တော်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ပြုလုပ်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ဖြည့်ဆည်းသူ (Sponsor) များရှာဖွေရန် စီမံခန့်ခွဲပေးမည့် အတိုင်ပင်ခံ (Sponsorship Management Consultant) ကို သတင်းစာများမှ တင်ဒါခေါ်ယူခဲ့ရာ ကုမ္ပဏီသုံးခုမှ တင်ဒါများ တင်သွင်းခဲ့ပါသည်။ အဆိုပါတင်ဒါများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အမှတ်ပေးစနစ်(Point System)ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ရာ Dentsu Sports Asia Pte., Ltd &JK Consulting and Management Co., Ltd. ကို ရွေးချယ်ခံရကြောင်းနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Sponsor ပေးလိုသည့် ပြည်တွင်းပြည်ပကုမ္ပဏီများအနေဖြင့် အဆိုပါကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

ရေငန်ငါး/ပုစွန် သယံဇာတ ထိန်းသိမ်းနိုင်ရေး ငါးမဖမ်းဆီးရ ရာသီကာလ တားမြစ်ပိတ်ပင်

နေပြည်တော် မေ ၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါး/ပုစွန်သယံဇာတများ မျိုးပြုန်းတီးမှုမရှိစေရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်ရန်အတွက် ငါး/ပုစွန်သယံဇာတကို ထိန်းသိမ်းသည့်အနေဖြင့် ၁၀၀ ဂရမ်အောက် ငါးမုတ်ငါးငယ်များဖမ်းဆီးရမိနေခြင်းမှ ထိန်းသိမ်းကာကွယ်နိုင်ရန် ဘုံကျောင်းကျားပိုက် (ကျောက်ပိုက်)၊ အင်္ဂလန်ကျားပိုက် (ကျားဖောင်)နှင့် ကျားပိုက်ကိရိယာများအား မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးမဖမ်းဆီးရကာလအဖြစ် သတ်မှတ်ခြင်းကို ၃၁-၃-၂၀၁၃ ရက် နေ့စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၁၃ ဖြင့်လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်တစ်ခုလုံးအား ငါး/ပုစွန်များ သားပေါက်ပွားကြီးပြင်းချိန်ဖြစ်သော ၂၀၁၃ခုနှစ် ဇွန် ၁ ရက်မှ ဇူလိုင် ၁၅ ရက်အထိကို ကမ်းနီးငါးဖမ်းလှေများမှအပ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ငါးမဖမ်းဆီးရ ရာသီကာလ (Closed Season) အဖြစ် တားမြစ်ပိတ်ပင်ထားခြင်းကို ၃၁-၃-၂၀၁၃ ရက် နေ့စွဲပါ ညွှန်ကြားချက်အမှတ်၊ ၃/၂၀၁၃ ဖြင့်လည်းကောင်း ငါးလုပ်ငန်းဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး နယ်နိမိတ်အတွင်း စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်များ ခွင့်ပြုချက်ရယူရန်နှင့် အခွန်ငွေပေးသွင်းရန် ကြေညာ

နေပြည်တော် မေ ၁

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းနယ်နိမိတ်အတွင်း စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်များအား စိစစ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်မရှိ၊ ကျသင့်သည့် အခွန်ငွေပေးသွင်းမှုမရှိဘဲ စိုက်ထူထားကြောင်း တွေ့ရှိရ၍ ယခုကြော်ငြာပါသည့်နေ့မှစ၍ ၁၄-၄-၂၀၁၃ ရက်အတွင်း စိုက်ထူခွင့်ရရှိရေး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ခွန်၊ ထိန်း/ကျောက်ထုတ် ဦးစီးသို့အမြန်လာရောက်ဆက်သွယ်ဆောင်ရွက်ရန်နှင့်သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကြော်ငြာဆိုင်းဘုတ်များအား ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်ဟုသတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကသတင်းစာထုတ်ဝေမည့် ကိုကို(စက်မှုတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း

အမေး/အရေး
ခင်လေးမြင့်အောင်

နေပြည်တော် မေ ၁

ပွင့်လင်းမြင်သာသည့် သတင်းရေးသားမှုများအား နိုင်ငံပိုင်နေ့စဉ်သတင်းစာများနှင့် ဂျာနယ်များ၌ မြင်တွေ့လာကြရပြီး နောက်ပိုင်း ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ပုဂ္ဂလိကနေ့စဉ် သတင်းစာပေါင်း ၁၆ စောင်အား ထုတ်ဝေခွင့်ပြုလိုက်ပြီဖြစ်ကာ ထပ်မံ၍လည်း လျှောက်ထားမည့် သတင်းစာထုတ်ဝေခွင့်များကို လက်ခံစိစစ်ချထားပေးလျက်ရှိသည်။

ဦးကိုကို။

ပြည်သူလူထုစာဖတ်ပရိသတ်များအနေနှင့်လည်း နေ့စဉ်ပုံမှန်ဖတ်ရှုနေကျ နိုင်ငံပိုင်သတင်းစာများနှင့် မကြာမီထွက်ရှိလာတော့မည့် ပုဂ္ဂလိကသတင်းစာများ၏ ကွာခြားမှုနှင့် အားနည်းချက်၊ အားသာချက်များအား ချိန်ဆကြည့်ရှုလိုကြရာ မကြာမီကာလအတွင်း နေ့စဉ်ထုတ်သတင်းစာ "ရန်ကုန်တိုင်း(မ်)"အမည်ဖြင့် ထွက်ရှိတော့မည့် လျှောက်ထားသူ ဦးကိုကိုအား ဆက်သွယ်မေးမြန်းကြည့်ဖြစ်ခဲ့သည်။

မေး ။ ။ ဆရာတို့ ရန်ကုန်တိုင်း(မ်)အနေနဲ့ သတင်းစာထုတ်ဝေခွင့်ရရှိလာဖို့ ဘာကြောင့်လျှောက်ထားခဲ့ပါသလဲ ဆရာ။

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ သတင်းဂျာနယ်တွေ စပြီးပေါ်သည့်အချိန်ကတည်းကစပြီး သတင်းစာထုတ်ဝေခွင့်နဲ့ပတ်သက်၍ ရည်ရွယ်ချက်ရှိပြီးသားပါ။ တစ်ချိန်မှာ သတင်းစာထုတ်ဝေခွင့်ရမှာဆိုတဲ့ မျှော်လင့်ချက်နဲ့ ဂျာနယ်ထုတ်ဝေခဲ့တာပါ။ အခုလျှောက်ထားခွင့်ပြုတော့ မူလရည်ရွယ်ချက်အတိုင်း လျှောက်ဖြစ်သွားတဲ့သဘောပါ။

မေး ။ ။ ပုဂ္ဂလိက သတင်းစာတွေ အများအပြားထွက်လာတော့ပါမယ် ဆရာ။ ဆရာတို့ ရန်ကုန်တိုင်း(မ်)သတင်းစာအနေနဲ့ အသွင်သဏ္ဌာန်အားဖြင့် ဘယ်လိုရှိမလဲဆရာ။

ဖြေ ။ ။ အဓိကကတော့ ကျွန်တော်တို့အနေနဲ့ သတင်းစာကျင့်ဝတ်ကို စောင့်ထိန်းပြီး ကျင့်ဝတ်နဲ့အညီ သတင်းတွေကို ယထာဘူတကျစွာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ပြည်သူတွေသိလိုတဲ့ သတင်းတွေကို သတင်းထူးတယ်ဆိုတာထက် တိကျ၊ ခိုင်မာပြီး ပြည်သူတွေအတွက် အကျိုးရှိစေနိုင်တာတွေ ဦးစားပေးဖော်ပြပေးသွားမှာပါ။ ဥပမာပြောရရင် ပဋိပက္ခအခြေအနေတစ်ခုမှာ အခြေအနေဖြစ်ရပ်တွေကို ဖော်ပြနေမှာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ဖော်ပြပေးနိုင်မယ့် ပုံစံမျိုးဖြစ်ပါတယ်။

မေး ။ ။ ဆရာတို့အနေနဲ့ သတင်းစာထုတ်တဲ့အခါ လိုအပ်တဲ့ အတွေ့အကြုံတွေနဲ့ အကြံဉာဏ်တွေကို ဘယ်လိုစုဆောင်းထားပါသလဲ ဆရာ။

ဖြေ ။ ။ ကျွန်တော်တို့က သတင်းစာထုတ်ဝေခွင့်တွေ ချပေးမယ်လို့ ကြားပြီးတဲ့အချိန်ပေါ့လေ။ လွန်ခဲ့တဲ့တစ်နှစ်ကျော်ကတည်းက ကြိုတင်ပြင်ဆင်ထားခဲ့တာပါ။ နိုင်ငံတကာမှာ ထုတ်ဝေနေတဲ့သတင်းစာကြီးတွေ၊ အရှေ့တောင်အာရှက သတင်းမီဒီယာတွေအားလုံးကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့တယ်။ သတင်းဖော်ပြမှု၊ ရေးသားမှု၊ ဓာတ်ပုံဖော်ပြမှု စတာတွေကနေ ဖွဲ့စည်း ပုံစနစ်၊ ပုံနှိပ်မှုအပိုင်း၊ ငွေကြေးလည်ပတ် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွေကအစ လေ့လာခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့က သတင်းဂျာနယ်တွေ စပြီးထုတ်ဝေခဲ့စဉ်ကတည်းက စတင်ထုတ်ဝေခဲ့သူဖြစ်တဲ့အပြင် လက်ရှိသတင်းအဖွဲ့တွေနဲ့ဆိုရင် သက်တမ်းရှစ်နှစ်ရှိနေပါပြီ။ သတင်းစာထုတ်ဝေခွင့်အတွက်လည်း လိုအပ်တဲ့သတင်းထောက်တွေ၊ အယ်ဒီတာတွေကို ကြိုတင်ခန့်ထားပေးပြီး လိုအပ်တဲ့ အရည်အချင်းတွေပြည့်မီဖို့အတွက်လည်း ပြင်ဆင်ထားခဲ့တဲ့အတွက် ကျွန်တော်ထင်ပါတယ် ကျွန်တော့်သတင်းသမားတွေ အားလုံးလည်း အကောင်းဆုံးမဟုတ်တောင် အခြေအနေတစ်ခုအထိ ရောက်ရှိပြီးသားပါ။

မေး ။ ။ ရန်ကုန်တိုင်း(မ်)သတင်းစာအနေနဲ့ ပြည်သူလူထုကို ဘယ်လောက်အတိုင်းအတာအထိ ကိုယ်စားပြုနိုင်မလဲဆရာ။

ဖြေ ။ ။ သတင်းစာတိုင်းကတော့ ပြည်သူလူထုအတွက် ဖြစ်ပါတယ်။ ကိုယ်စားပြုဖို့ဆိုတာကတော့ သတင်းရင်းမြစ်တွေပေါ်မှာလည်း အများကြီးကိုယ်စားပြုပါတယ်။ သက်ဆိုင်တဲ့ သတင်းရင်းမြစ်တွေကပေးမှ သတင်းပြည့်စုံမှာဖြစ်သလို ကျွန်တော်တို့ ပုဂ္ဂလိကသတင်းစာတွေကို ဘယ်လောက်အထိ ကွင်းဆင်းခွင့်ပေးမလဲဆိုတာကိုလည်း မူတည်နေတယ်။ ပြည်သူလူထုတစ်ခုလုံးကို ကိုယ်စားပြုနိုင်ဖို့အတွက် အချိန်အတိုင်းအတာတစ်ခု လိုအပ်ပါတယ်။ သူတို့ရဲ့သတင်းတွေ၊ အကျိုးရှိစေမယ့်သတင်းတွေ ပါလာမှလည်း သူတို့က သတင်းစာအပေါ်မှာ ယုံကြည်မှုရှိလာမယ်။ အဲဒီလို ယုံကြည်မှုရရှိလာမှလည်း ကိုယ့်ရဲ့သတင်းစာအနေနဲ့ ပြည်သူလူထုကြားကို ရောက်လာမယ်။ အဲဒီလိုနဲ့ အပြန်အလှန် ယုံကြည်မှု တည်ဆောက်ကြရမှာဖြစ်ပါတယ်။

မေး ။ ။ ဆရာတို့အနေနဲ့ အခင်းအကျင်းပိုင်းမှာရော လက်ရှိနိုင်ငံပိုင်သတင်းစာတွေနဲ့ ကွာခြားမှုအနေအထားကို ပြောပြပေးပါဆရာ။

ဖြေ ။ ။ ဒါကတော့ တိုက်တစ်တိုက်ချင်းစီရဲ့ Flow ဆိုတော့ ထပ်တူဘယ်လိုမှမကျနိုင်ပါဘူး။ ကိုယ်ပိုင် House Style အရ သတင်းစာတစ်စောင်နဲ့တစ်စောင် ရပ်တည်မှုပုံစံကွာခြားမှာပါပဲ။ ဥပမာအနေနဲ့ ပြောရရင် နိုင်ငံပိုင်သတင်းစာတွေမှာ အများဆုံးဖော်ပြတာက နိုင်ငံပိုင်သတင်းတွေဖြစ်ပြီး မကြာခင်ထွက်ရှိလာတော့မယ့် ပုဂ္ဂလိကသတင်းစာတွေကတော့ နိုင်ငံပိုင်သတင်းနည်းပြီး Public ကို ကိုယ်စားပြုမယ့် သတင်းတွေများလာမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်း(မ်)အနေနဲ့ကတော့ ပြည်တွင်း ပြည်ပသတင်းစုံပေါ့။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည်ဖြင့် သတင်းစုံ၊ ကဏ္ဍစုံဖော်ပြပေးသွားပါမယ်။

မေး ။ ။ ရန်ကုန်တိုင်း(မ်)သတင်းစာအတွက် ပုံနှိပ်ရေးအပိုင်းအခြေအနေတွေကို ပြောပြပေးပါဦးဆရာ။

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ကတော့ မသေချာသေးတဲ့ ရင်းနှီးမြှုပ်နှံမှုအနေအထားမှာ ကိုယ်ပိုင်ပုံနှိပ်စက် နဲ့ ရိုက်ဖို့မစဉ်းစားသေးပါဘူး။ လက်ရှိက Market အနေအထားအရ မြေစမ်းခရမ်းပျိုးနေရမယ့်အချိန်မှာ ကိုယ်ပိုင်ပုံနှိပ်စက်ဝယ်ရမယ့် ကုန်ကျစရိတ်တွေကို အခြားလိုအပ်တဲ့အပိုင်းတွေဖြစ်တဲ့ သတင်းရယူမှုအပိုင်းတွေမှာ သုံးစွဲနိုင်ဖို့ လျာထားပါတယ်။ လောလောဆယ်အခြေအနေမှာတော့ ငှားရမ်းရိုက်နှိပ်မယ့်စနစ်ကို ကျင့်သုံးမှာဖြစ်ပါတယ်။

မေး ။ ။ ထုတ်ဝေမယ့် သတင်းစာ စာမျက်နှာ၊ စောင်ရေနဲ့ ဈေးနှုန်းသတ်မှတ်မှုအခြေအနေကိုလည်း သိပါရစေ။

ဖြေ ။ ။ ကျွန်တော်စိတ်ကူးထားတာကတော့ စာမျက်နှာ ၂၄ မျက်နှာနဲ့ ၃၂ မျက်နှာအကြားမှာ ရိုက်မယ်လို့ စိတ်ကူးထားပါတယ်။ သတင်းစာအရွယ်အစားကိုတော့ လက်ရှိ ရန်ကုန်တိုင်း(မ်)ဂျာနယ်ထုတ်တဲ့အရွယ်အစားဖြစ်ပြီး ရောင်စုံသတင်းစာအဖြစ် ရိုက်နှိပ်မှာပါ။ သတင်းစာစောင်ရေကိုတော့ အခုလက်ရှိမှာ တွက်ချက်နေတုန်းပါပဲ။ ဈေးနှုန်းကတော့ တိုက်အနေနဲ့ ငွေကျပ် ၁၅၀ နှုန်းလျာထားပါတယ်။ အပြင်မှာ ဝယ်ဖတ်မယ်ဆိုရင်တော့ တစ်စောင်ကို ငွေကျပ် ၂၀၀ ပေါ့ လေ။ လစဉ်ကြေးပေးပြီးဝယ်ဖတ်မယ်ဆိုရင်တော့ ဈေးကလျော့မှာပေါ့။

မေး ။ ။ ဖြန့်ချိရေးအပိုင်းနဲ့ စတင်ထွက်ရှိမယ့်ကာလကိုလည်း ပြောပြပေးပါရှင့်။

ဖြေ ။ ။ ဖြန့်ချိရေးကတော့ ကိုယ်စားလှယ်တွေပေါ့။ သတင်းစာကိုယ်စားလှယ်တွေကို မြို့နယ်အလိုက်ထားရှိတယ်။ လမ်းဘေးကဂျာနယ်အရောင်းဆိုင်တွေကတစ်ဆင့်လည်းသွားမယ်။ ကျွန်တော်တို့ အခုသတင်းစာတွေဖတ်ရတဲ့ အချိန်မှာတော့ ရန်ကုန်တိုင်း(မ်)သတင်းစာကို ဖတ်ခွင့်ရမှာပါ။ ထွက်ရှိမယ့်အချိန်ကိုတော့ မေလ ၁ ရက်နေ့ အစောဆုံးထွက်နိုင်အောင် ကြိုးစားနေပါတယ်။

မေး ။ ။ အောင်မြင်တဲ့ သတင်းစာကောင်းတစ်စောင် ဖြစ်လာဖို့အတွက် လိုအပ်ချက်တွေကိုလည်း ပြောပြပေးပါဦးဆရာ။

ဖြေ ။ ။ အောင်မြင်တဲ့သတင်းစာလို့ ပြောရာမှာ နှစ်ပိုင်းရှိပါတယ်ခင်ဗျာ။ သိက္ခာပိုင်းအရ အောင်မြင်ဖို့နဲ့ ငွေကြေးအရအောင်မြင်ဖို့ပေါ့။ လက်ရှိမှာတော့ ကျွန်တော်တို့အနေနဲ့ တာထွက်ကာလဆိုတော့ ပြည်သူလူထုအတွက် Trust ကအရေးအကြီးဆုံးဖြစ်ပါတယ်။ ကျင့်ဝတ်လိုက်နာပြီး လူထုအားကိုးနိုင်တဲ့ သတင်းစာတစ်စောင်ဖြစ်လာရင် ငွေကြေးလည်ပတ်မှုအပိုင်းလည်း အဆင်ပြေလာမှာပါ။ လက်ရှိမှာ ကျွန်တော်တို့ ပုဂ္ဂလိကသတင်းစာတွေအနေနဲ့က အရှုံးနဲ့ထုတ်ကြရမှာပါ။ ကြော်ငြာလုပ်ငန်းကနေရလာမယ့် ဝင်ငွေကလည်း သတင်းစာရဲ့ Image ပေါ်မှာ မူတည်နေတာပါ။ အဲဒီအတွက် စာဖတ်ပရိသတ်ရဲ့ သိလိုတဲ့အချက်အလက်တွေကို တိတိကျကျနဲ့ မှန်မှန်မြန်မြန်ချပြနိုင်မှသာလျှင် ရေရှည်ရပ်တည်အောင်မြင်နိုင်မှာပါလို့ ပြောချင်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခ
စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီ
ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြု

နေပြည်တော်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇ တိုနီတန်ကင်ယမ်းနှင့်ဇနီး မစ္စစ် မေရီတန် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အ သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်နှင့် ဦးငွေအောင်၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chua Hian Kong Robert လည်း တက်ရောက်သည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီး မစ္စစ် မေရီတန် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံ သမ္မတ၏ဇနီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ် မေရီတန်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

တွေ့ဆုံရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ဇနီး ဒေါ်လင်းလင်းတင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးငွေအောင်၏ဇနီး ဒေါ်ချော၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်၏ ဇနီး ဒေါ်မေမြင့်မောင်နှင့် သမ္မတရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့၌ သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မိခင်နှင့် ကလေးများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေများ၊ နှစ်နိုင်ငံပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံ သမ္မတဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ ၄၅မိနစ်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးငွေအောင်နှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နှစ်နိုင်ငံသံအမတ်ကြီးများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နွေရာသီတွင် ရေရရှိမှုနည်းပါးသဖြင့် ရရှိထားသောရေကို စနစ်တကျသုံးစွဲ
ဓာတ်အားထုတ်လုပ်နိုင်မှသာ လိုအပ်သောလျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်း

နေပြည်တော် ဧပြီ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် အထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လက်ရှိလည်ပတ်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအား ဟန်ချက်ညီ မောင်းနှင်ဓာတ်အားထုတ်လုပ်၍ ပြည်သူလူထုအား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ ယခုနှစ်အတွင်း သိုလှောင်ရရှိထားသော ရေပမာဏကို စနစ်တကျသုံးစွဲ၍ ဓာတ်အားထုတ်လုပ်ကာ နွေရာသီကာလတစ်လျှောက် ပြည်သူလူထု ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အလေးထားရည်မှန်း ဆောင်ရွက်လျက်ရှိရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိ စက်များကြံ့ခိုင်ကောင်းမွန်ပြီး လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ လည်ပတ်ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာရှိ သောက်ရေခပ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် သွားရောက်၍ ဓာတ်အားပေးစက်များမောင်းနှင်ထားရှိမှု၊ စက်အစိတ်အပိုင်းများအလိုက် လည်ပတ်မောင်းနှင်မှု၊ မဟာဓာတ်အားလိုင်း အတွင်းသို့ Computer System ဖြင့် ဓာတ်အားထိန်းချုပ်မောင်းနှင် ပို့လွှတ်နေမှု၊ ရေပိုလွှဲ (Spillway) ၌ ရေပိုလွှဲနှင့် ရေထိန်းတံခါး တပ်ဆင်ထားရှိမှု၊

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)သင်တန်းဆင်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်းတိတိ)နှင့် ပုလဲမြို့သစ်ဆေးခန်းအတွက် ငွေပဒေသာပင် ငွေကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်းတိတိ) စုစုပေါင်းငွေကျပ် ၁၀၀၀၀၀၀ (ကျပ်ဆယ်သိန်းတိတိ)ကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဧပြီ ၁ ရက်တွင် ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

စသောနိုင်ငံများရှိ ထိပ်တန်းဘဏ်များနှင့်လည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးသည် ဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများသည် ထိပ်တန်းနေရာ၌ တည်ရှိသည်။ ဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာပါမှ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ငွေရေးကြေးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့လာပြီး စီးပွားရေး လျင်မြန်စွာတိုးတက်လာရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ တန်ဖိုးကြီးပစ္စည်းများ ရောင်းချရာတွင် အီလက်ထရွန်နစ်စနစ်ဖြင့် ငွေပေးချေမှုကို လက်ခံခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပိုမို တွင်ကျယ်လာပြီး ရောင်းအားပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

...င့်ဇနီး ဒေါ်ခင်ခင်ဝင်း
...ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးဦးဆောင်သော
...ဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၁

...သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ...ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ...သည်။

...ာပူသမ္မတနိုင်ငံ ...ီးဆောင်သော ...င့်အတူ မြန်မာ ...ာပူသမ္မတနိုင်ငံ ...E.Mr. Chua ...ert လည်း တက် ...

... မသုံးဆောင်မီ ... နှစ်နိုင်ငံ ...းကို ဂုဏ်ပြု ...

...င်မီနှင့် သုံး ...း ယဉ်ကျေးမှု ...ညာဦးစီးဌာနမှ ...တေးသံသာများ

ဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတအား ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်သည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့်မြန်မာ့ရိုးရာအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့် ဇနီးတို့သည် ဖျော်ဖြေကြသောအနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး မစ္စစ် မေရီတန် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



နိုင်ငံခြားသတင်းဌာနရုံးခွဲများ ဖွင့်လှစ်ခွင့်ပြု

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့်အစိုးရအဖွဲ့ တာဝန်ယူပြီးနောက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏အခန်းကဏ္ဍကို အလေးထားသည့်အတွက် ပြည်တွင်းမီဒီယာများအနေဖြင့် သတင်းများ လွတ်လပ်စွာ ရေးသားဖော်ပြနိုင်ခဲ့သကဲ့သို့ ပြည်ပသတင်းဌာနများကိုလည်း နိုင်ငံအတွင်း လာရောက်ခွင့်ပြုပြီး သတင်းများ လွတ်လပ်စွာ ရယူခွင့်ပေးလျက်ရှိသည်။

ယခုအခါ ပြည်ပမီဒီယာများအား နိုင်ငံအတွင်း အခြေချနေထိုင်၍ သတင်းများရယူနိုင်ရန်အတွက် ဂျပန်နိုင်ငံအခြေစိုက် NHK သတင်းဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် AP သတင်းဌာနတို့ကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)တွင် ဧပြီလ၇ရက်မှစတင်၍ သတင်းဌာနရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုလိုက်ကြောင်း သိရသည်။

အလားတူ သတင်းဌာနရုံးခွဲဖွင့်လှစ်ရန် လျှောက်ထားလာသော Kyodo News သတင်းဌာနကိုလည်း စိစစ်လျက်ရှိပြီး မကြာမီ ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ထပ်မံလျှောက်ထားလာမည့် သတင်းဌာနများကိုလည်းစိစစ်ပြီး ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းစနစ်အား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆက်စပ်ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၁

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီ ပထမအကြိမ် (၁/၂၀၁၃) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကိုကို **(ယာပုံ)**က အရေးပေါ်ကာလ စီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် လုံခြုံရေး အဖွဲ့အစည်းများအကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်စေရေး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်၍ အဓိကရုဏ်းဖြစ်ပွားခဲ့လျှင် လျင်လျင်မြန်မြန် သွားရောက်နှိမ်နင်းနိုင်ရေး၊ လူမျိုး၊ ဘာသာရေး အဓိကရုဏ်းများ ထပ်မံမဖြစ်ပွားစေရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆက်စပ်ဆောင်ရွက်ပေးရေး၊ လူမှုရေးအဖွဲ့အစည်းများ၏ အကူအညီကိုရယူပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရေးနှင့် အဓိကကျသည့် လှုံ့ဆော်သူများအားဖော်ထုတ်ပြီး ဖမ်းဆီးထိန်းသိမ်းရန်နှင့် ဥပဒေအရအရေးယူနိုင်ရေးစသည့် အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ပြည်သူကို ဗဟိုပြုသည့် ရဲလုပ်ငန်းစနစ်ကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီနှင့် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ရဲချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...စနစ်တကျသုံးစွဲ၍
...ကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည်

...အောင် အထူး ...းဓာတ်အားပေး ...စက်ရုံများအား ...။

...်စိုးသည် မတ် ...ွင် သွားရောက် ...က်များမောင်း ...စိတ်အပိုင်းများ ...တ်မောင်းနှင်မှု၊ ...း အတွင်းသို့ ... ဖြင့် ဓာတ်အား ... ပို့လွှတ်နေမှု၊ ...၌ ရေပိုလွှဲနှင့် ...ပ်ဆင်ထားရှိမှု၊

ပင်မတမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများအား တွေ့ဆုံ၍ နွေရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ပြည်သူလူထုဓာတ်အားသုံးစွဲမှု ပိုမိုများပြားလာချိန်တွင် စက်ရုံမှ ထုတ်လုပ်မောင်းနှင်ပေးသော ဓာတ်အားများမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် နွေရာသီတွင် ရေရရှိမှုနည်းပါးသဖြင့် ရရှိထားသော ရေကို စနစ်တကျသုံးစွဲ၍ ဓာတ်အားထုတ်လုပ်နိုင်မှသာ လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းမှ စက်တစ်လုံးလျှင် ၄၀ မဂ္ဂါဝပ် စက်သုံးလုံးနှင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၆၀၄ သန်း ထုတ်လုပ်ပေးနိုင်မည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်းတစ်ခု ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြောက်ပိုင်းဒေသများတွင် နေရာကွက်၍ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝ ဒသမ ၂၄ လက်မနှင့် လားရှိုးမြို့တွင် ဝ ဒသမ ဝ၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပုသိမ်သူ(၅)နှင့် သုဇာတာတို့ တိုးမြစ်အတွင်းတိုက်မိ ခရီးသည်အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦးဒဏ်ရာရ

ရန်ကုန် ဧပြီ ၁

ရန်ကုန် - ကျိုက်လတ်သွား ပုသိမ်သူ (၅) ရှပ်ပြေးရေယာဉ်နှင့် ကျိုက်ပိမှ ရန်ကုန်သို့ ဝင်ရောက်လာသော သုဇာတာရေယာဉ် (ကုန်တင်)တို့ တွံတေးမြို့နယ် အပြင် ရေကျော်ရွာအနီး တိုးမြစ်အတွင်း တိုက်မှုဖြစ်ပွားရာ ခရီးသည်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မတ် ၃၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မှ ကျိုက်လတ်သို့ ထွက်ခွာသွားသော ပုသိမ်သူ(၅) ရှပ်ပြေးရေယာဉ်သည် တိုးမြစ်ကမ်းနံဘေး အပြင်ရေကျော်ရွာအနီး ညနေ ၅ နာရီခန့်တွင် ခရီးသည် အတင်အချပြုလုပ်၍ ပြန်လည်ထွက်ခွာရာ ကျိုက်ပိမှ ရန်ကုန်သို့ မောင်းနှင်လာသည့် သုဇာတာ ကုန်တင်ရေယာဉ်နှင့် တိုက်မိပြီး ပုသိမ်သူရှပ်ပြေးရေယာဉ်ဝမ်းဗိုက်ကွဲသဖြင့် ပြန်လည်ကမ်းကပ်ခဲ့ရသည်။ ရေယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် ၁၀၉ ဦးအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရခရီးသည်နှစ်ဦးအား အခင်းဖြစ်ပွားရာနေရာနှင့် နီးစပ်သော ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံတွင် ဒဏ်ရာရရှိသူအမျိုးသမီးမှာ သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးမှာ ဘယ်ဘက်ပေါင်ကျိုး ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ကုသထားရသည်။

အခင်းဖြစ်ပွားမှုတွင် ပါဝင်ခဲ့သည့် အခြားခရီးသည် ၁၀၇ ဦးကို ရေကျော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ခရီးသည်များမှာ ၎င်းတို့အစီအစဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြပြီ ဖြစ်ကြောင်း ထပ်မံသိရသည်။

အဆိုပါ ဖြစ်ပွားမှုတွင် ပါဝင်သော ပုသိမ်သူရှပ်ပြေးရေယာဉ်မှ ရေယာဉ်မောင်း ဦးညွန့်လှိုင်နှင့် သုဇာတာရေယာဉ်မှ ရေယာဉ်မောင်း ဦးကျော်စိန်တို့အား သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပုသိမ်သူရှပ်ပြေးရေယာဉ် နံပါတ်(၅)မှာ ကျိုက်လတ်မြို့နယ်အသင်းမှ တည်ထောင်ထားသောရေယာဉ်ဖြစ်ကြောင်း စဉ့်အိုးတန်းဆိပ်ကမ်းရုံးတာဝန်ခံထံမှ သိရသည်။

(ရဲခေါင်ညွန့်)

ပုသိမ်သူ(၅) ရှပ်ပြေးရေယာဉ်နစ်မြုပ်နေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ(အောင်မင်း-တွံတေး)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အမှိုက်များမီးရှို့ရာမှ ရော်ဘာပင်စိုက်ခင်းများ မီးလောင်

မိုးညှင်း မေ ၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာအုပ်စု စကရွာဟောင်းကုန်းတွင် စိုက်ပျိုးထားသော ရော်ဘာပင်များ မတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီက မီးလောင်မှုဖြစ်ပွားရာ ရော်ဘာစိုက်ဧက ၆၀ ကျော်မှ ရော်ဘာပင် ၄၉၀၀ ကျော် မီးလောင်ခံရသည်။ ဖြစ်စဉ်မှာ ခြံနီးချင်းရော်ဘာခြံမှ ဦးလရှီးဇော်ဆိုသူက ရော်ဘာပင်များ မီးဘေးကင်းဝေးစေရန် မီးတားသိမ်းဆည်းထားသော အမှိုက်များကိုမီးရှို့ရာမှ လေတိုက်ခတ်လာသဖြင့် တစ်နာရီအတွင်း၌ ရော်ဘာပင်များ မီးကူးစက်လောင်ကျွမ်းခံလိုက်ရခြင်းဖြစ်သည်ဟု မျက်မြင်ခြံရှင်များက ပြောပြသည်။

မီးလောင်ခံလိုက်ရသည့် ရော်ဘာစိုက်ခင်းရှင်များမှာ ဦးဆောင်ယိန်း၏ရော်ဘာပင် ၁၅၈၆ ပင်၊ ဦးဆောင်ဘောမ်၏ရော်ဘာပင် ၇၀၀၊ ဦးဆောင်ကိ၏ရော်ဘာပင် ၁၁၉၉ ပင်၊ ဦးဆောင်ချမ်း၏ရော်ဘာပင် ၉၀၀၊ ဦးချမ်းယော်၏ရော်ဘာပင် ၅၈၀ တို့ဖြစ်ကြောင်း ရော်ဘာခြံရှင်တို့က ပြောသည်။ အချို့ရော်ဘာပင်အတော်များများ ရော်ဘာစေးရရှိနေပြီဖြစ်ကြောင်း၊ ထွက်ရှိသည့် ရော်ဘာစေးများမှာ စံနှုန်းမီကြောင်းဖြင့်လည်း ရော်ဘာခြံလုပ်ငန်းရှင်က ပြောကြားသည်။ ဆုံးရှုံးမှုတန်ဖိုးငွေရရှိနိုင်ရေးအတွက် ရော်ဘာလုပ်ငန်းကော်မတီထံ တင်ပြထားပါကြောင်းဖြင့်လည်း စိုက်ခင်းရှင်များက ပြောပြသည်။ **(ဝ၆၃)**

မသန်စွမ်းများအတွက် ပစ္စည်းများလှူဒါန်း

မိတ္ထီလာ မေ ၁

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများတွင်နေထိုင်သူ ဒုက္ခသည်များအတွက် အလှူရှင်များက လှူဒါန်းသည့် ရှင်သန်သွားလာရေးဆိုင်ရာ အထောက်အကူပြု ကိရိယာပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် ဝန်ထမ်းများက ကယ်ဆယ်ရေးစခန်းများအရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အထက(၁)၊ အထက(၃)၊ အထက(၅)၊ ခရိုင်အားကစားကွင်း၊ ပညာရေးကောလိပ်၊ မကျီးကုန်းအမက၊ အင်းကုန်းအမက ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် မသန်စွမ်းဒုက္ခသည် ၃၀ အတွက် Wheel Chair ၂၃ စီး၊ ချိုင်းထောက်သုံးစုံ၊ တုတ်ကောက်နှစ်ချောင်း၊ လေးချောင်းထောက်တစ်ခုကို ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက ဒုက္ခသည်များထံ လက်ရောက်ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိဒုက္ခသည်များအတွက် ခြင်ထောင်၊ စောင်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

မိတ္ထီလာ မေ ၁

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ပေးပို့လှူဒါန်းသည့် ခြင်ထောင်၊ စောင်နှင့် မိသားစုအသုံး အဆောင်ပစ္စည်းများကို မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက ပညာရေးကောလိပ် ယာယီကယ်ဆယ်ရေးစခန်းသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက လာရောက်လှူဒါန်းကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ပညာရေးကောလိပ် ယာယီကယ်ဆယ်ရေးစခန်းမှ မိသားစု ၂၅၆ စု အတွက် မိသားစုခြောက်ဦးအိပ်ခြင်ထောင် ၂၅၆ လုံး၊ စောင် ၂၅၆ ထည်၊ မိသားစုတစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းမျိုးစုံပါဝင်သည့်ပုံး ၂၅၆ ပုံး၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းအိတ် ၂၅၆ အိတ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဘေးဒုက္ခ စီမံကိန်းခန့်ခွဲရေးအရာရှိ ဦးကျော်ဆန်းဝင်းနှင့် တာဝန်ရှိသူများက ဒုက္ခသည်မိသားစုများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကသာ-နဘားသွားမီးရထားကို သားရေခွဖြင့် ပစ်

အင်းတော် မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နားရခေါင်ရွာအနီး မိုင်တိုင်အမှတ် ၅၉၅/၄ နှင့် ၅၉၅/၅ အကြားတွင် ကသာ- နဘားသွားမီးရထားအား သားရေခွဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မတ် ၃၁ ရက် နံနက် ၆ နာရီ ၄၇မိနစ်တွင် ကသာမှနဘားသို့ စက်ခေါင်းမောင်း ဦးကျော်ဆင့်မောင်းနှင်လာသော အမှတ် ၅၂ အစုန်ရထားစက်ခေါင်းကို မိုင်တိုင်အမှတ် ၅၉၅/၄ နှင့် ၅၉၅/၅ အကြားအရောက် သံလမ်းဘေးပေ ၅၀ ခန့်အကွာမှ နားရခေါင်ရွာနေခင်ငွေနှင့် ဦးမျိုးဆိုသူတို့နှစ်ဦးက သားရေခွဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း၊ စက်ခေါင်းမောင်း ဦးကျော်ဆင့်ကပြောပြ၍ ၎င်းတို့နှစ်ဦးအား ဥပဒေအရ အရေးယူပေးပါရန် အင်းတော်မြို့နယ် နဘားမီးရထားရဲစခန်းမှ ခေတ္တတပ်စုမှူး တပ်ကြပ်ကြီးစိုးမြင့်က တရားလိုပြုလုပ် တိုင်ကြားထားသော အမှုဖြစ်ကြောင်း သိရသည်။ ယင်းအမှုကို အမှုစစ်အင်းတော်မြို့နယ် နဘားရဲစခန်းမှ စခန်းမှူး သူဇော်ဝင်းက ပစ်ခတ်သူနှစ်ဦးတို့ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **လူအောင်(ကသာ)**

မီးကြွင်း မီးကျန်
မထားရန်
ကျင့်ကြံသတိ အမြဲရှိ

လေးကျွန်းရန်အောင်စေတီတော် ကလေးဝမြို့နယ်၌ တည်လျက်ရှိ

ကလေးဝ မေ ၁

စုံနံ့သာမြိုင်၊ မဲဇာမြိုင်၊ မြိုင်ကြီးဝိုင်းသစ်တော၊ အင်ကြင်းမြိုင်နှင့် မဟာမြိုင်သစ်တောကြီးများ၏အလယ်တွင်တည်ရှိသော မဟာမြိုင်တောဟုခေါ်သည့် ကလေးဝမြို့နယ်ရှိ မဟာမြိုင်တောရ ဒီပါအေးမြကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်မည့် ၁၀၈ တောင် အမြင့်ဆောင် သာသနာထွတ်ခေါင် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ရွှေထီးကြီးနှင့် စိန်ဖူးတော်ကြီးသည် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရခိုင်တန်ဆောင်း၌ ရင်ငွေ့တော်ခိုလှုံခဲ့ပြီး မတ် ၃၀ ရက်ညပိုင်းက မဟာမြိုင်တောရ ဒီပါအေးမြကုန်းတော်သို့ ပြန်လည်ပင့်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါစေတီတော်ကြီးကို ၂၀၁၀ ခုနှစ် ကဆုန်လပြည့်နေ့တွင် အုတ်မြစ်ချမင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ပြီး ဧက ၁၀၀ ကျော်ရှိ စေတီတော်ကြီး၏ ပရိဝုဏ်၌ သာသနိကအဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

စေတီတော်ကြီး တည်ထားကိုးကွယ်ဖြစ်ခဲ့ပုံနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ တရားရိပ်သာမှ သီလရှင်ဆရာကြီး ဒေါ်ဝိမလစာရီက "သဲဖြူတောရဆရာတော်ဦးပညာဇောတက ၂၀၀၉ ခုနှစ်မှစပြီး အဲဒီမဟာမြိုင်တောထဲမှာ ဝါတွင်းသုံးလတောရဆောက်တည်ခဲ့တာ အခုချိန်ထိပါပဲ၊ အဲဒီလိုသီလဆောက်တည်နေတဲ့ အချိန်မှာ ဆရာတော်ကို ဗိဿနိုးမယ်တော်(ပန်ထွာဘုရင်မကြီး)က ဒီကုန်းတော်ပေါ်မှာ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားလာစေဖို့နဲ့ မကျွတ်မလွတ်သေးတဲ့လူတွေ ကျွတ်လွတ်ဖို့အတွက် စေတီတော်တစ်ဆူတည်ထားပေးဖို့ အာရုံထဲမှာလာပြီးလျှောက်တယ်လို့ သိရတယ်။ အဲဒါနဲ့ ဒီဘုရားကို ရန်ကုန်မြို့က ကုမ္ပဏီတစ်ခုနဲ့အလှူရှင်တွေက စုပေါင်းပြီး လှူဒါန်းတည်ထားတာဖြစ်ပါတယ်" ဟုပြောပြသည်။

ယခုအခါ ရွှေထီးတော်ကြီးနှင့် စိန်ဖူးတော်ကြီးကို ဘုရားဖူးဧည့်သည်များနှင့် နိုင်ငံခြားသားဧည့်သည်များက နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိပြီး ရွှေထီးတော်ကြီးနှင့် စိန်ဖူးတော်ကြီးကို မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်နှင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီး၌ တစ်လကြာခန့်စီ ရင်ငွေ့ခိုလှုံခဲ့ပြီးဖြစ်သည်။ စေတီတော်ကြီး၏ တည်ဆောက်မှုလုပ်ငန်းများမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(ကိုကြီးသာ)**

ကသာမြို့နယ်အမှတ်(၃) ရပ်ကွက်ပိုင်းတွင် မြေထိန်းနံရံတည်ဆောက်

ကသာ မေ ၁

ဧရာဝတီမြစ်ရေစီးကြောင်း တိုက်စားမှု၊ ကမ်းပါးပြိုကျပျက်စီးမှုကြောင့် မြစ်ကမ်းပါးရှိ မြေများရေပွတ်တိုက်စား၍ ပါရှိမှုမဖြစ်ပေါ်စေရေး၊ မြေထိန်းနံရံ တည်ဆောက်လျက်ရှိသည်။ အဆိုပါ မြေထိန်းနံရံကို ကသာမြို့နယ်အမှတ်(၃)ရပ်ကွက်ပိုင်း ပုဘဲကုန်းတွင် တည်ဆောက်နေရာ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက ဒေသခံ အလှူရှင်များ၊ ပြည်သူများနှင့် ပူးပေါင်း၍ မြေထိန်းနံရံရေရှည်တည်တံ့ ခိုင်မြဲစေရန် အကြံဉာဏ်များရယူကာ အကောင်အထည်ဖော်ဆောက်လုပ်နေခြင်းဖြစ်သည်။

ဒေသခံတစ်ဦးက မြေထိန်းနံရံ တည်ဆောက်တာ မြို့ကျေးရွာအတွက် အထောက်အကူပြုသည့် အတွက် အလွန်ကောင်းပါတယ်။ တတ်နိုင်ရင်တော့ ယခုပြုလုပ်ထားတဲ့နေရာမှာ ရေရှည်တည်တံ့စေနိုင်သောရေမနည်းပင်၊ ကုက္ကိုပင်၊ ပေပင်များ ပြန်လည်အစားထိုးသစ်ပင်များကို မြေထိန်းနံရံသစ်ပင်အဖြစ် ရေကို ထိန်းနိုင်သောသစ်ပင်များကို စိုက်ပျိုးသင့်ကြောင်း ၎င်း၏ ထင်မြင်ယူဆချက်ကို တင်ပြသည်။ **ငွေအိုး(ကသာ)**

အလေးမနှင့် ကာယဗလအသင်း စုပေါင်းဒုလ္လဘရဟန်းခံပွဲကျင်းပ

မန္တလေး မေ ၁

မန္တလေးမဟာအောင်မြေမြို့နယ် ၆၂ လမ်း ၃၇×၃၈ လမ်းကြားရှိ 'လူငယ်အားမာန်'အလေးမနှင့် ကာယဗလကာယအလှအသင်းမှ အသင်းသူအသင်းသားအားကစားသမားများ၏ (၁၃) ကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံပွဲကို မေ ၁၁ ရက်နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

မန္တလေးတရုတ်တန်းလမ်း ၈၀ နေ မန္တလေးတိုင်းဒေသကြီး အလေးမဆပ်ကော်မတီဥက္ကဌ၊ ကာယဗလနှင့် ကာယအလှဆပ်ကော်မတီဥက္ကဌ ကျောင်းဒါယကာ ဦးဟန်မြိုင် (မော်မော်စန်းကျောက်မျက်ကုမ္ပဏီဥက္ကဌ)နှင့် ဇနီးကျောင်းဒါယိကာမ သီဟသုဓမ္မ သိင်္ဂီ ဒေါ်မေသက်မော် (မော်မော်စန်းထိုးမုန့်)တို့ တည်ထားကိုးကွယ်သည့် စစ်ကိုင်းတောင်ရိုး၊ ဂေါ်သီတာဝန်ချောင် ဓမ္မစွမ်းရည်ကျောင်း မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ဖွင့်လှစ်နေသောသင်္ကြန်အထူး ၁၀ ရက်တရားစခန်းကို မေ ၈ ရက်မှ နှစ်ဆန်းတစ်ရက်နေ့၊ မေ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်္ကြန်အစိုးရရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ ကုသိုလ်ရယူ တရားထိုင်လိုသူများသည် မေ ၇ ရက်နေ့ ညနေအရောက် စစ်ကိုင်းတောင်ရိုး ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာတရားစခန်းသို့ လာရောက်ကြရန်နှင့် တရားပြ နာယကဆရာတော် အရှင်သီရိန္ဒ ဖုန်း-၀၇၂-၂၁၆၆၀၊ မန္တလေးလမ်း ၈၀ တရုတ်တန်းမော်မော်စန်းထိုးမုန့်ဆိုင် ဖုန်း-၀၉-၉၁၀၂၉၃၉၃၊ ၀၉-၂၀၀၂၅၉၅ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ဝင်ငွေခွန်ငါးရာခိုင်နှုန်းလွှဲပြောင်းပေးအပ်

ညောင်ဦး မေ ၁

ပုဂံ-ညောင်ဦးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တစ်ဦးချင်းပုဂ္ဂလိကလုပ်ငန်းမှကောက်ခံရရှိသော ဝင်ငွေခွန်ငါးရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် တစ်ဦးချင်း ပုဂ္ဂလိကလုပ်ငန်းမှ ကောက်ခံရရှိသည့် ဝင်ငွေခွန်ငါးရာခိုင်နှုန်းဖြစ်သော ငွေကျပ်သိန်း ၂၀၀ ကို မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမျိုးလွင်က လွှဲပြောင်းပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **သီဟကျော်(ပုဂံ)**

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ခရီးသွားလာမှုများပြားသည့် သင်္ကြန်အကြိုရက်

မန္တလေး မေ ၁

ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ပွင့်လင်းမြင်သာသော တိုးတက်မှုများ အံ့မခန်းဖြစ်လာသကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများအပါအဝင် ပြည်တွင်းခရီးသွားများ အဆမတန်ပင် များပြားလျက်ရှိသည်။ မတ်လမကုန်မီ ရက်သတ္တပတ်အလိုက တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုအပြီး တပေါင်းလပြည့်ပွဲတော်ရက်တွင် ရန်ကုန်-မန္တလေးစသည့် အဓိကမြို့ကြီးများမှ အနယ်နယ်အရပ်ရပ်သို့ ဘုရားဖူးများသွားကြ၊ အပန်းဖြေစခန်း သွားရောက်အနားယူကြဖြင့် အဝေးပြေးကားဂိတ်မှ ခရီးသွားသူများ နှစ်တိုင်းထက် စံချိန်တင်ယူရလောက်အောင် ပိုမိုများပြားလျက်ရှိသည်။

ယခု ဧပြီလဆန်းသင်္ကြန်အကြိုရက်တွင် ဘုရားဖူးသွားသူများ၊ ခရီးသွားသူများ၊ သင်္ကြန်ရုံးပိတ်ရက်ရှည်တွင် မိမိဇာတိရပ်ပြန်သူများသည် သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့သဖြင့် ပိုမိုသွားလာကြသည်ဖြစ်ရာ ရန်ကုန်အဝေးပြေးကားဂိတ်၊ မန္တလေးအဝေးပြေးကားဂိတ်များက ခရီးသည်ပို့ဆောင်သွားလာမှု အဆင်ပြေချောမွေ့စေရေးကို တတ်စွမ်းသမျှ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ သင်္ကြန်ရက်အတွင်း သွားလာမှုနည်းပါးသောရက်များတွင် မန္တလေးမြို့မှ ရွှေမန္တလာနှင့် မန်းရွှေ ပြည်ကားအသင်းနှစ်သင်းက ပုံမှန်ပြေးဆွဲပေးမည်ဖြစ်ရာ ခရီးသွားလာသူများအတွက် အဆင်ပြေစိတ် ချမ်းမြေ့စရာဖြစ်သည်။ ကျန်ကားဂိတ်အသင်းများသည် ဧပြီ ၁၂ ရက်မှ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ ရပ်နားထားမည်ဖြစ်ပြီး ရပ်နားကြမည့်ကားအသင်းများမှာ မိုးထက်အာကာ၊ စည်းစိမ်ရှင်၊ ရာဇာထွန်း၊ ရွှေနန်းတော်၊ မြတ်မန္တလာထွန်း၊ ရွှေမန်းသူ၊ စေတမန်၊ ဂျေ ဂျေ၊ ရွှေကမ္ဘာ၊ တက်လမ်း၊ ရွှေစင်စကြာ၊ မင်းသစ္စာ၊ မန်းသစ္စာ၊ မန်းရာဇာ၊ ရာဇာအောင်၊ မန်းရွှေမြို့တော်၊ အာကာသ၊ ELITE၊ ခိုင်ကမ္ဘာအေး၊ မန္တလာမင်း၊ ရွှေနှင်းမန္တလာ၊ ရွှေလီဦးအသင်းတို့ဖြစ်ကြောင်းနှင့် ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်း၊ လားရှိုး၊ မူဆယ်၊ တောင်ကြီး၊ ကယားပြည်နယ်၊ ပြည်၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ နေပြည်တော် ကားဂိတ်များလည်း သင်္ကြန်အတွင်း၌ ရပ်နားထားမည်ဖြစ်ပြီး (နှစ်ဆန်း ၈ ရက်) ဧပြီ ၁၈ ရက်မှ စတင်၍ ပြန်လည်ပြေးဆွဲကြမည်ဖြစ်သည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

တရားမဝင်သစ်များ ဖမ်းဆီးရမိ

မိုးမောက် မေ ၁

မိုးမောက်မြို့နယ် နန့်ကျရီချောင်းဘေးတွင် တရားမဝင်ကျွန်းသစ်နှင့် တမလန်းသစ် ၃၈ ဒသမ ၁၅၀ တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ထွေးဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်စခန်း၊ ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက မိုးမောက်မြို့နယ် နန့်ကျရီချောင်းအနီးတွင် ကျွန်းသစ်နှင့် တမလန်းသစ်များ သိမ်းဆည်းရမိခြင်းဖြစ်သည်။ ကျွန်းသစ်ခွဲသားလုံး ၂၀၈၀ ချောင်း (၃၆ ဒသမ ၉၂၀ တန်)နှင့် တမလန်း ၈၄ ချောင်း(၁ဒသမ၂၃၀) တန် စုစုပေါင်း ချောင်း/လုံး ၂၁၆၄ (၃၈ဒသမ၁၅၀)တန်တို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့၍ သစ်တောဦးစီးဌာနက KCB 28 ဖမ်းဆီးတံဆိပ် ရိုက်နှိပ်မှတ်သားပြီး သစ်တောဝင်းသို့ သယ်ဆောင်ခဲ့ကြသည်။

သစ်တောဦးစီးဌာနက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မိုးမောက်ရဲစခန်းမှ အမှုဖွင့်၍ တရားခံများ အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **ဆီမီးခုံ -နန်းရီ**

စာပေမြင့်မှ
လူမျိုးတင့်မည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အရင်းနည်းနည်းအမြတ်များများ ဥကန်စွန်းစိုက်ကြစို့လား

ရေစကြိုမြို့နယ် မြစ်ရေဝင်ကျွန်းပိုင်းဒေသများ၌ ဥကန်စွန်းကို အများအပြား စိုက်ပျိုးလေ့ရှိကြောင်း လေ့လာသိရှိရသည်။ အလယ်သောင် ကျေးရွာအုပ်စုအတွင်းက သူဌေးကုန်းရွာတွင် ဥကန်စွန်းများ လှိုင်လှိုင်ပေါ်နေသည်ဆိုသော သတင်းစကားကြောင့် သွားရောက်လေ့လာမှတ်သားခဲ့ရသည်။

သူဌေးကုန်းရွာမှ ဦးသိန်းဆွေဆိုသူက "ကျွန်တော်တို့ဒေသဟာ မြစ်ရေဝင်ဒေသဖြစ်ပါတယ်။ စိုက်ပျိုးလေ့ရှိတဲ့ သီးနှံတွေကတော့ မြေပဲ၊ ကုလားပဲ၊ နှမ်း၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ သစ္စာပန်း၊ မေမြို့ပန်း၊ ဂန္ဓာမာပန်း၊ ဒေါနပန်း၊ အက်စတာပန်း၊ ဘူးသီး၊ ဖရုံသီး၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲအမျိုးမျိုး ဥကန်စွန်းစတာတွေ စိုက်ပျိုးကြပါတယ်။

ဥကန်စွန်းကတော့ အရင်းနည်းနည်းနဲ့ အမြတ်များများရနိုင်တဲ့ သီးနှံဖြစ်ပါတယ်။ ဥကန်စွန်းကို စိုက်တော့မယ်ဆိုရင် ပထမမြေကို ထွန်ယက်ပြင်ဆင်ပြီး မြောင်းဖော်ရပါတယ်။မြောင်းအတွင်းမှာ ဥကန်စွန်းသားတက်တွေ ထည့်ရပါတယ်။ အဲဒီသားတက်တွေက နွယ် (အညွန့်) တွေနည်းနည်းရှည်လာတော့မှ ထယ်ထိုးပြီး မြေဖို့ထားရုံပါပဲ။ မြေသြဇာဖိုးလည်းမကုန်ဘူး၊ စပြီးစိုက်တာကတော့ မြစ်ရေကျသွားပြီးနောက် သီတင်းကျွတ်၊ တန်ဆောင်မုန်းလမှာ စိုက်ကြတာ များပါတယ်။ အချို့လည်း နောက်ကျမှ စိုက်ကြပါတယ်။ စိုက်ပြီးရက် ၁၀၀၊ ၁၂၀ လောက်ဆိုရင် ဖော်လို့ရပါပြီ။ ဒီရွာမှာတော့ ကျွန်တော်ကစိုက်ဧက အနည်းဆုံးဖြစ်ပါတယ်။ ဒီနှစ်မှာ ဒသမ ၆၀ ဧက စိုက်ပျိုးခဲ့ပါတယ်။ စိုက်စရိတ်က ကျပ် ၂၀၀၀၀၊ တူးဖော်စရိတ်က ကျပ် ၂၀၀၀၀၊ ထွန်စရိတ်နဲ့ဆိုရင်ငွေကျပ် ၅၀၀၀၀ လောက်တော့ ရင်းရတာပေါ့။ ဥကန်စွန်းတစ်ဧကစိုက်ရင် ပိဿာချိန် ၃၅၀၀၊ ၄၀၀၀ လောက် ထွက်တယ်ဗျ။ ဒီနှစ်ကျွန်တော်စိုက်တဲ့ ဒသမ ၆၀ ကအသားတင်အမြတ် ကျပ် ၄၂၀၀၀၀ ရရှိပါတယ်။ ဝယ်တဲ့သူက စိုက်ခင်းထဲအထိ ကားနဲ့လာဝယ်ကြတယ်။ ခုတော့ ကျွန်တော့်ဒေသကလူတွေ အရင်ကလို သယ်ယူစရိတ် မစိုက်ရတော့ဘူး၊ အဲဒီစရိတ်က အပိုဝင်ငွေလိုဖြစ်လာရတာကတော့ လမ်းပန်းဆက်သွယ်ရေးကောင်းလာလို့ပါပဲ၊ အကယ်သော၊ ဇီးကုန်း၊ ဇီးကုန်းကျွန်း၊ သူဌေးကုန်းနဲ့ အရှေ့လက်၊ တောင်လက်ကကျေးရွာ ၂၀ လောက်အတွက် ဆက်စပ်လမ်းနဲ့ တံတားတွေကို သမ္မတရုံးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သူရဦးမြင့်မောင်တို့ရဲ့ စီမံဆောင်ရွက်လှူဒါန်း ဖောက်လုပ်တဲ့ သူဌေးကုန်းရွာဆက်စပ်လမ်းပေါ်က တံတားတစ်စင်းကိုလည်း ဦးသန့်ဇင်-ဒေါ်အေးအေး မန္တလေးမြို့ကငွေကျပ်သိန်း ၉၀၀ လောက်အကုန်အကျခံ ဆောက်လုပ်ပေးထားတဲ့အတွက် နွေ၊ မိုး၊ ဆောင်းရာသီမရွေး သွားလာနိုင်လို့ ဒေသခံပြည်သူတွေ အကျိုးခံစားနေရတာ ကျွန်တော်တော့ လက်တွေ့ပါပဲ" ဟု ဥကန်စွန်းစိုက်ပျိုးပုံ အရင်းအနှီး အကျိုးအမြတ်နှင့်အတူ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ဒေသပြည်သူတွေ အကျိုးရှိပုံတို့ကို စုံစုံလင်လင်ရှင်းပြသည်မှာ အားရစရာ မုဒိတာပွားမှတ်သားခဲ့ရပါသည်။

ဖေထွဋ်းဇော် (ရေစကြို)

ပြည်တွင်းသတင်း

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်သွယ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် Trade Training Institute ကို ၂၀၁၂ ခုနှစ် ဧပြီလက စတင်ဖွင့်လှစ်ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့ လက်တွေ့များ သင်ကြားပို့ချပေးလျက်ရှိသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၃)နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အဆင့်မြင့်သင်တန်း အမှတ်စဉ်(၂)တို့ကို ၂၀၁၃ ခုနှစ် မေလဆန်း၌ ဖွင့်လှစ်တော့မည်ဖြစ်သည်။

သင်တန်းများ၌ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများ၊ ကုမ္ပဏီတည်ထောင်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း၊ ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း၊ သင်္ဘောတင်လုပ်ငန်းများ၊ နိုင်ငံတကာကုန်သွယ်မှု ဆောင်ရွက်ရာတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းရေးလုပ်ငန်းများ၊ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းများ၊ နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ Incoterms၊ H.S code ၊ International and Domestic Trade Fair Risk Management၊ Market Research၊ Business Ethics၊ Standardization Policy and Regulation ဘာသာရပ်များကို စီးပွားရေးပညာရှင်များ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်လျှောက်လွှာများကို အမှတ် ၂၂၈-၂၄၀ ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီးရုံး) ဒုတိယထပ် (သင်တန်းခန်းမ) ၌ ဧပြီ ၁ ရက်မှ ၁၁ ရက်အထိ နောက်ဆုံးလျှောက်ထားနိုင်သည်။ နေရာကန့်သတ်ချက်ရှိပါ၍ သင်တန်းသားအရေအတွက် ကန့်သတ်ထားကြောင်း သတင်းရရှိသည်။

(စီးပွား/ကူးသန်း)

(၁၀၆) ကြိမ်မြောက် သွေးလှူ

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း အမှတ် ၄၁ နေ စာပေဗိမာန်စာမူဆုရ စာရေးဆရာ စမ်းမောင်မောင်မြင့် (လူမှုထူးချွန်-ပထမဆင့်)သည် မတ် ၅ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာနတွင် (၁၀၆) ကြိမ်မြောက် စေတနာအလျောက် သွေးလာရောက်လှူဒါန်းသွားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပစ္စည်းအမှန် ပိုင်ရှင်ထံပေးအပ်

ရန်ကုန် ဧပြီ ၁

ဒေါပုံမြို့နယ်နေ ဦးကျင်လှိုင်နှင့် ဇနီး ဒေါ်စန်းငွေတို့သည် မတ် ၁၁ ရက်က မြို့တွင်းမှ တက္ကစီငှားစီးပြီး အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်သော် ပိုက်ဆံအိတ်ပျောက်ဆုံးနေကြောင်း၊ တက္ကစီယာဉ်ပေါ်တွင် ကျန်ခဲ့နိုင်ကြောင်း သက်ဆိုင်ရာများသို့ အကြောင်းကြားခဲ့သည်။

ပြန်လည်ပေးအပ်

သက်ဆိုင်ရာများ၏ ကူညီဆောင်ရွက်ပေးမှုကြောင့် ၁၂ ရက် အကြာတွင် ၃က/. . . တက္ကစီ ယာဉ်ပိုင်ရှင် (ကိုယ်တိုင်မောင်း) ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း (အငြိမ်းစား)က မတ် ၂၄ ရက်တွင် ဒေါပုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးခန်း၌ လာရောက် ပြန်လည်ပေးအပ်ကြောင်း သိရှိရသည်။

ပိုက်ဆံအိတ်အတွင်း၌ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၃၅ ရွက်၊ တစ်ဒေါ်လာ၊ ငါးဒေါ်လာ၊ ၁၀ ဒေါ်လာရောပြွမ်း ၁၅ ရွက်၊ မြန်မာကျပ်ငွေ လေးသိန်း၊ တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံး၊ ထီလက်မှတ် ငါးစောင်တွဲတစ်တွဲနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားနှစ်ခုတို့ ပါရှိကြောင်း သိရှိရသည်။

ပြောကြား

တာဝန်သိ ပြည်သူတစ်ဦး၏ စေတနာမှန်ကြောင့် ပျောက်ဆုံးသွားသော ပစ္စည်းအမှန်ပြန်ရ၍ ပိုင်ရှင်တို့မှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ကူညီဆောင်ရွက်ပေးခဲ့ကြသော သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်းနှင့် ပြည်သူတိုင်း စိတ်စေတနာအမှန်နှင့် ယခုကဲ့သို့ ဆောင်ရွက်နိုင်ကြလျှင် ကောင်းမွန်မည်ဖြစ်ကြောင်း ပိုက်ဆံအိတ်ပိုင်ရှင် ဦးကျင်လှိုင်က ပြောကြားခဲ့သည်။

(ဝ၅၁)

မီးဖို မီး အခြား မီး သုံးပြီးသတိ အမြဲရှိ

သီပေါ ပျားလိမ္မော် အရောင်းသွက်

သီပေါ ဧပြီ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စင့်အင်နှင့်ကုန်းမုန့် ကျေးရွာများမှ ထွက်ရှိသော ပျားလိမ္မော်သီးများမှာ ယခုအခါ ဒေသသီးများ ကုန်ဆုံးသွား၍အရောင်းသွက် အဝယ်လိုက်လျက်ရှိကြောင်း မန္တလေး၊ လားရှိုး ပြည်ထောင်စုလမ်းမကြီး ကုန်းသာကျေးရွာ သစ်သီးဆိုင်မှ နန်းစမ်းစမ်းဦးက ပြောကြားသည်။ ပျားလိမ္မော်သီးရောင်းဈေးမှာ အလုံးကြီး ၁၀ လုံးလျှင် ငွေကျပ် ၂၀၀၀၊ အလုံးသေး ၁၀ လုံးလျှင် ငွေကျပ် ၁၅၀၀ ဈေးရှိပြီး ကဆုန်လ ကုန်အထိ ပျားလိမ္မော်သီး လှိုင်လှိုင်ပေါ်နေဦးမည် ဖြစ်ကြောင်း ခြံရှင် စိုင်းကျော်ညွှန့်က ပြောသည်။

(ဝဲပုံ) စိုင်း(သီပေါ)

Air KBZ လေကြောင်းလိုင်းမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁

Air KBZ လေကြောင်းလိုင်း၏ လေယာဉ်စတင်ပျံသန်းခြင်း နှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မွန်မြတ်သော သွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသားသွေးလှူဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် Air KBZ Ltd. မှ CEO ဦးဥက္ကာထွန်းနှင့် အမျိုးသားသွေးလှူဘဏ် တာဝန်ခံ ဒေါက်တာဒေါ်သီတာအောင်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် Air KBZ မှ လေယာဉ်မောင်း၊ လေယာဉ်မယ်များနှင့် ဝန်ထမ်းအင်အား ၇၀ က စုပေါင်း သွေးလှူဒါန်းကြသည်။

(ဖိုးသော်ဇင်)

Air KBZ **လေကြောင်းလိုင်းမှ ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းစဉ်။**

အနူးအညွတ်တောင်းပန်ခြင်း

မတ် ၂၆ ရက် မြန်မာ့သံတော်ဆင့် ပြည်တွင်းသတင်းအတွဲ(၂)၊ အမှတ်(၃) မတ် ၃၀ ဧပြီ ၅/၂၀၁၃ ဂျာနယ်တွင် အောင်ပြည့်ဖြိုးဦးကုမ္ပဏီနှင့် MIP ကုမ္ပဏီ၏ သတင်းများအား မှားယွင်းစွာ ဖော်ပြမိသည့်အတွက် အနူးညွတ် တောင်းပန်အပ်ပါသည်။

ဦးငွေလွင်



ဘိုကလေး၊ ကဒုံကနီ မြတ်ဆရာပူဇော်ပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီအထက အသက်(၆၀) ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၆)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကို ၆-၄-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံးကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

OSC ဆေးရုံကြီးတွင် မကြာမီတပ်ဆင်မည့် SIEMENS Perspective 128 Slices CT Scan စက်အသုံးပြုရန်အတွက်

X-Ray Technicians (မ) - ၃ ဦး
Senior Post (မ) - ၁ ဦး
အခြား Siemens CT Scan စက်ကို အနည်းဆုံး တစ်နှစ်အတွေ့အကြုံရှိရမည်။
Junior Post (မ) - ၂ ဦး
Marketing Supervisor ကျား/မ - ၂ ဦး
M.B.,B.S ဘွဲ့၊ Med. Tech ဘွဲ့ရရှိသူ ဦးစားပေးရွေးချယ်မည်။
Computer ကျွမ်းကျင်ရမည်။
Trained Nurse (မ) - ၆ ဦး
Pharmacist (မ) - ၁ ဦး
Pharmacy Staff (မ) - ၁ ဦး

- CV Form
- ဘွဲ့လက်မှတ်မိတ္တူ
- ဓာတ်ပုံနှစ်ပုံ
- ရပ်ကွက်ထောက်ခံစာ
- မှတ်ပုံတင်မိတ္တူ
- အလုပ်သမားမှတ်ပုံတင်မိတ္တူ
- သန်းခေါင်စာရင်းမိတ္တူနှင့်အတူ
- လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အများသိစေရန်ကြေညာချက်

မုံရွာမြို့၊ ဒေါနခြံရပ်၊ မြေတိုင်းအကွက်အမှတ် (၂၆)လယ်တီ၊ ဦးပိုင်အမှတ် ၈(ခ)၊ ဧရိယာ ဝဒသမဝ၉၄ ဧကရှိ ဘိုးဘပိုင်ဝင်းမြေနှင့် ယင်းမြေပေါ်ရှိ ပတ်ကားတိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ (မြေနှင့်အဆောက်အအုံတို့တစ်ဝက်စီ)အကျိုးခံစားလျက်ရှိသူ ဒေါ်အေးအေး ၁၃/ရမန(နိုင်)၀၀၄၉၈၈နှင့် ဦးပြည့်စုံ ၅/ဒပယ(နိုင်)၀၀၇၁၄၁ တို့ထံမှ ကျွန်တော်ဦးခင်မောင်လင်း ၅/ကလဝ (နိုင်)၀၁၀၆၁၄က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။

အထက်ပါဝင်းမြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်လင်း
၅/ကလဝ(နိုင်)၀၁၀၆၁၄
မစိန်ကျေးရွာ၊ ကလေးဝမြို့နယ်၊
(ခေတ္တ/အမှတ်-၇/၃၁၊ ယက္ကန်းကျောင်းလမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့။)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တောင်ကြီးမြို့နယ်တရားရုံး၊ တောင်ကြီးမြို့
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၆

မန်နေဂျာ **နှင့်** ၁။ ဒေါ်ဝင်းဝင်းမြ
မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့။ ၂။ ကိုနေမျိုး(သား)
တရားနိုင် **တရားရှုံးများ**

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၂ တွင် ရရှိသော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၁၃ ခုနှစ် မေ ၂ ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်အမှတ်(၄၀)၊ အကွက်အမည် (သစ်ပင်ထောင်)၊ မြေကွက်အမှတ်-၄၂၊ ဧရိယာ ၀ ဒသမ ၁၀၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၁၈×၂၀×၂၀)ပေ တွဲလျက်၊ (၁၀×၂၀×၁၂)ပေရှိ သွပ်မိုး၊ အောက်သမံတလင်းခင်း၊ အပေါ်ကျွန်းလျှာထိုးခင်း၊ အပေါ်/အောက်အုတ်ကာ၊ အထပ်သားမျက်နှာကြက်ပါ နှစ်ထပ်အုတ်ညှပ်တိုက်တစ်လုံးနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအားလုံး၊ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ငွေကျပ် ၇၂၀၀၀၀၀(ကျပ်ခုနစ်ဆယ့်နှစ်သိန်းတိတိ)

ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းဖော်ပြပါအချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
တွဲဖက်မြို့နယ်တရားသူကြီး၊ တောင်ကြီးမြို့နယ်တရားရုံး

စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်မှုကြောင့် ဆိုင်ကယ်ရှစ်စီးခိုးယူသူ ဖော်ထုတ်နိုင်ခဲ့

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ် (၂) ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် ရဲစခန်းနယ်မြေအတွင်းရှိ မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာ ဝန်ထမ်းတိုက်ခန်းများတွင်ဖြစ်ပွားသည့် ဆိုင်ကယ်ခိုးမှုများ စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိရေးနှင့် ထပ်မံမဖြစ်ပွားစေရေးအတွက်နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုနှင့် ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီဝင်း၊ စခန်းမှူးရဲအုပ်အောင်ကျော်ဦးတို့၏ကြီးကြပ်မှုဖြင့် လှည့်ကင်း/ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိရာမှ အမှောင်ခိုချောင်းမြောင်းနေသူနှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိ၍ ခေါ်ယူစစ်ဆေးရာမှ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိ မြို့နယ်များအတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်ခဲ့သော တရားခံနှစ်ဦးနှင့် သက်သေခံပစ္စည်း ဆိုင်ကယ်ရှစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့မှ သွားရောက်၍ သတင်းမှတ်စုရေးသားခဲ့ပါသည်။

ဖြစ်စဉ်မှာ အမှတ်(၂)ရဲစခန်းမှ လှည့်ကင်း/ ဝပ်ကင်းဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မတ် ၂ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာတိုက်(၂၅၂)လမ်းဆုံအမှောင်ရိပ်တွင် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ် တွေ့ရှိရသူ လယ်ဝေးမြို့နယ် ကုန်းသာကျေးရွာအုပ်စု သဲဖြူကျေးရွာနေ အောင်ထူး(ခ) အောင်မျိုးသူနှင့် လယ်ဝေးမြို့နယ် စံပြရွာနေ နိုင်ထွန်းတို့နှစ်ဦးအား ရဲစခန်းသို့ ခေါ်ယူပြီး ကွင်းဆက်စစ်ကြော မေးမြန်းရာမှ အမှတ်(၂)ရဲစခန်းတွင် အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိသည့် ပျောက်ဆုံးသော ၂၀ ယ/--- KENBO-125 ဆိုင်ကယ်တစ်စီးနှင့် ၂၂ယ/--- WANGBO-125 ဆိုင်ကယ်တစ်စီးတို့ကို အောင်ထူး(ခ) အောင်မျိုးသူတစ်ဦးတည်းခိုးယူကျူးလွန်ခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အိမ်ဝိုင်းတစ်ခုအတွင်းရှိ ၁၄ယ/--- ZAWKENBO 125 ဆိုင်ကယ်တစ်စီးနှင့် ၂၀ ယ/--- KENBO-110 ဆိုင်ကယ်တစ်စီးတို့ကို အောင်ထူး (ခ) အောင်မျိုးသူနှင့် နိုင်ထွန်းတို့ နှစ်ဦးမှ ခိုးယူခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာတိုက် ၁၃၁၇ ရှေ့မှ ၁၁ ယ/--- KENBO-125 ဆိုင်ကယ်တစ်စီးကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိဈေးအနီးရှိ ဆောက်လက်စအဆောက်အအုံအတွင်းမှ ၁၈ယ/-- YINXING-110 ဆိုင်ကယ်တစ်စီးကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် စီလမ်းဆုံမြောက်ဘက် (Plant) ဝင်းအတွင်းမှ ANBO-125 ဆိုင်ကယ်တစ်စီးကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အတွင်းမှ ၂၇ယ/--- Stream-110 ဆိုင်ကယ်တစ်စီးတို့ကိုလည်းကောင်း၊ အောင်ထူး(ခ)အောင်မျိုးသူက ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ မတ် ၁၃ ရက်တွင် နေပြည်တော် အမှတ် (၂)ရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် လယ်ဝေးရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များပူးပေါင်း၍ လယ်ဝေးမြို့နယ် ကုန်းသာကျေးရွာအုပ်စု ကုန်းသာစံပြရွာ၊ သဲဖြူရွာ၊ ပဒေသာရွာ၊ အောင်မြေကုန်းရွာနှင့် ပျဉ်းမနားမြို့နယ် ဝက်စုကျေးရွာများတွင် ရောင်းချထားသည့် သက်သေခံ ဆိုင်ကယ်ရှစ်စီးတို့ကို သွားရောက်သိမ်းဆည်းပြီး အမှတ်(၂)ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပုံရင်းသတင်း

လင်းလင်းအောင်ဇာတ်အဖွဲ့ ယာဉ်တိမ်းမှောက်

မော်လမြိုင် ဧပြီ ၁

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားငါးဆူရွာမှ မုဒုံမြို့ဘက်သို့ မတ် ၂၄ ရက်နံနက် ၁၁ နာရီခန့်က ယာဉ်မောင်းခင်မောင်သောင်း ၅၁ နှစ် မောင်းနှင်၍ လင်းလင်းအောင်ဇာတ်အဖွဲ့ကို တင်ဆောင်လာသော တိုယိုတာခြောက်ဘီး မော်တော်ယာဉ်အမှတ် စ/. . . သည် မုဒုံမြို့ မြို့မ (၄)ရပ်ကွက် မုဒုံ- ချောင်းနှစ်ခွကားလမ်း မိုင်တိုင်အမှတ်၂/၇ နှင့် ၃/၀ အကြား ခုနစ်ခွေတောင်အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့သည်။

အရေးယူ

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဇာတ်အဖွဲ့သား ၂၅ ဦးအနက် ဦးစိန်ပုလဲ ၆၉ နှစ်ပါ ခုနစ်ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မုဒုံမြို့မရဲစခန်းက ယာဉ်မောင်းခင်မောင်သောင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ကျော်သန်း(မော်လမြိုင်)

လူစီးရထားကို ထော်လာဂျီယာဉ်က ဝင်တိုက်မိ

မော်လမြိုင် ဧပြီ ၁

ရန်ကုန်မှ မော်လမြိုင်သို့ စက်ခေါင်းမောင်း ဦးစိုးမင်းမောင်းနှင်လာပြီး ရထားထိန်း ဦးခင်မောင်ဌေးလိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ်(၈၉) အဆန်လူစီးရထားသည် ရထားလမ်းမိုင်တိုင်အမှတ် (၉၀/၂၄) မှ(၉၆/၁)အကြား ကော့ထင်းကျေးရွာအနီး မြေနီလမ်းရထားလမ်းကူးတွင် မတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ယာဉ်မောင်း ဦးစံမြင့် (၅၅) နှစ်မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်သိန်းမြင့် (၄၈)နှစ် လိုက်ပါစီးနင်းလာသော ထော်လာဂျီမော်တော်ယာဉ်သည် မီးရထား၏ နောက်ဆုံးတွဲဖြစ်သော ရထားထိန်းတွဲကို ဝင်ရောက်တိုက်မိပြီး ထော်လာဂျီယာဉ်သည် ရထားတွဲနှင့်အတူ ၁၅ ကိုက်ခန့် ချိတ်ပါသွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဦးစံမြင့်နှင့် ဒေါ်သိန်းမြင့်တို့မှာ ဒဏ်ရာများရရှိကြ၍ ကျိုက်ထိုမြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရပြီး အမှတ် (၈၉)အဆန်လူစီးရထားသည် ထိခိုက်ပျက်စီးမှုမရှိသဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မော်လမြိုင်သို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သတ်၍ ကျိုက်ထိုရဲစခန်းက ဦးစံမြင့်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၀၇)

တစ်ဖက်နိုင်ငံမှ တရားမဝင် ခိုးသွင်းလာသည့် ကားစီးရေ ၁၂၀ ဖမ်းဆီးမိ

မော်လမြိုင် ဧပြီ ၁

တစ်ဖက်နိုင်ငံမှ တရားမဝင် အကောက်ခွန်မဲ့ ခိုးသွင်းလာသည့် ကားများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့ညွှန်ကြားချက်အရ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ မြို့နယ်များတွင် အကောက်ခွန်မဲ့ကားများကို စစ်ဆေးဖမ်းဆီးအရေးယူလျက်ရှိသည်။

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းဌာနစိတ်ရဲအုပ်ခိုင်သန်း၊ ရဲအုပ်မြင့်နိုင်နှင့်အဖွဲ့သည် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မတ် ၂၇ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ်ဘက်မှ မော်လမြိုင်ဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်းသုံးဦးနှင့် ကားသုံးစီးကို အတ္ထရံတံတားအနီး၌ တွေ့ရှိဖမ်းဆီးလိုက်သည်။ ကားသုံးစီးတန်ဖိုးမှာ ငွေကျပ်သိန်း ၉၀ ရှိကြောင်း သိရှိရသည်။ ယင်းအမှုနှင့် စပ်လျဉ်း၍ ကျိုက်မရောရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပအရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

အရေးယူ

ယင်းစီမံချက်အရ မော်လမြိုင်ခရိုင် ခြောက်မြို့နယ်နှင့် သထုံခရိုင်လေးမြို့နယ်အတွင်း ပိတ်ဆို့စစ်ဆေးမှုများကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၂၀၁၃ ခုနှစ် မတ် ၂၇ ရက်အထိ တစ်ဖက်နိုင်ငံမှ တရားမဝင် အကောက်ခွန်များ၊ ဇိမ်ခံကားမျိုးစုံ၊ ပိုင်ရှင်မဲ့နှင့် ပိုင်ရှင်များအပါအဝင် တရားမဝင်ကားမျိုးစုံ ၁၂၀ တွင် မောင်းနှင်သူ ယာဉ်မောင်း ၈၃ ဦးနှင့် တန်ဖိုးငွေကျပ်သိန်း ၂၁၀၀ ကျော် ဖမ်းဆီးမိခဲ့သည်။ ၄င်းတို့အား သက်ဆိုင်ရာရဲစခန်းမှ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ယင်းတရားမဝင် ကားများသည် မော်လမြိုင်မြို့နယ်နှင့် အခြားမြို့နယ်များအတွင်း မောင်းနှင်သွားလာရာတွင် နေ့နံပါတ်တစ်မျိုး၊ ညနံပါတ်တစ်မျိုးဖြင့် မောင်းနှင်လျက်ရှိကြပြီး ယာဉ်တိုက်မှုများဖြစ်ခြင်း၊ လိုင်စင်ရှိသကဲ့သို့ မောင်းနှင်နေခြင်းများအပေါ် သက်ဆိုင်ရာက အချိန်မီအရေးယူတားဆီးဖမ်းဆီးခြင်းဖြစ်သည်ဟု သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

(၃၃)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)နှင့် ချစ်မေမေ ဗိုလ်မှူးကြီးဒေါ်စောသိန်း(ငြိမ်း)တို့၏ ၂-၄-၂၀၁၃ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို စိတ်တူကိုယ်တူ ကျန်းမာခြင်းပြည့်စုံစွာဖြင့် ဆောင်ရွက်နိုင်ပြီး သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ချစ်သမီးနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်သမီး - Dr. **ဆင့်ဆင့်ဖြိုး**
M.E (IT), TU (Thanlyin)
Ph.D (EC), YTU

(၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၂၈)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်)၊ (၁၂) ရပ်ကွက်၌ တည်ထားကိုးကွယ်တော်မူသော **အောင်စေတီတော်** ၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်းပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတီတော်၏ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(၁) ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဓာတ်ပွဲ၊ နတ်ပွဲ ဗလီနတ်စာကျွေးမွေးပူဇော်ခြင်း

(၂) ၆-၄-၂၀၁၃ရက်မှ ၁၀-၄-၂၀၁၃ရက်အထိ မဟာပဋ္ဌာန်းဖြင့် ပူဇော်ခြင်း

ဝေယျာဝစ္စအဖွဲ့



နိုင်ငံတကာအားကစားသတင်း

မာရေး ဒုတိယအကြိမ် မိုင်ယာမီဖလားဆွတ်ခူး

ဗြိတိသျှနာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးသည် အမေရိကန်နိုင်ငံ မိုင်ယာမီ၌ ကျင်းပသော ဆိုနီအိုးပင်း ဗိုလ်လုပွဲတွင် ဒေးဗစ်ဖာယာအား အနိုင်ရပြီး ဒုတိယအကြိမ်မြောက် ဖလားဆွတ်ခူးလိုက်သည်။ မာရေးသည် ယင်းပြိုင်ပွဲတွင် အနိုင်ရလိုက်ခြင်းဖြင့် ကမ္ဘာ့နံပါတ်တစ်နေရာ ပြန်လည်ရယူလိုက်သည်။ ယင်းပြိုင်ပွဲတွင် ၂-၆၊ ၆-၄၊ ၇-၆(၇-၁)ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ယင်းဖလားသည် ၎င်း၏ တင်းနစ်ကစားသမားသက်တမ်းတစ်လျှောက် ဆွတ်ခူးခဲ့သည့် ၂၆ လုံးမြောက် ဖလားလည်းဖြစ်သည်။ **(အောက်ပုံ)**



မက်ဆီ ၁၉ ပွဲဆက်တိုက် စံချိန်ဂိုးသွင်း

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် စပိန်လာလီဂါတွင် အခြားသော ပြိုင်ဘက်အသင်းတိုင်းကို ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့သည့် ပထမဆုံးသော စပိန်လာလီဂါကစားသမားဖြစ်လာသည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု လေးကြိမ်ရခဲ့သည့် တိုက်စစ်မှူးမက်ဆီသည် ဘာစီလိုနာနှင့်ကစားသည့် စပိန်လာလီဂါပွဲ ၁၉ ပွဲဆက်တိုက် ဂိုးသွင်းယူခဲ့သည်။ ၎င်းသည် ဘာစီလိုနာနှင့် ဆယ်လ်တာဗီဂိုတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲတွင်လည်း ဂိုးသွင်းယူခဲ့သည်။ ဘာစီလိုနာက ယင်းပြိုင်ပွဲအပြီးတွင် ရီးရဲမက်ဒရစ်ထက် ၁၃ မှတ် အသာဖြင့် ဦးဆောင်နေသည်။

ဆန်းဒါးလန်းနည်းပြသစ်ခန့်

ဆန်းဒါးလန်းအသင်းမှ မာတင်အိုနေးလ် ထွက်သွားပြီးနောက် အီတလီနည်းပြ ပေါ်လိုဒီကာနီယိုအား ဆန်းဒါးလန်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။ အသက် ၄၄ နှစ်ရှိကာနီယိုအား ဆန်းဒါးလန်းက နှစ်နှစ်ခွဲ စာချုပ်လိုက်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က လိဂ်တူးကလပ် ဆွင်းဒွန်းတောင်းအသင်းကို ဦးဆောင်ခဲ့သူဖြစ်သည်။

ကောင်းမြတ်သူ

ရင်ခုန်စရာကောင်းမယ့် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၈)

ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၈)ကို ဧပြီ ၅ ရက်၊ ၆ ရက်နဲ့ ၇ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီနှစ် ဘောလုံးရာသီရဲ့ ဘွန်ဒက်စ်လီဂါဖလားကို ဘိုင်ယန်မြူးနစ်တို့က ဆွတ်ခူးတော့မှာဖြစ်လို့ ရင်ခုန်စရာမကောင်းပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးနဲ့ တန်းမဆင်းရရေးအားထုတ်ကြမယ့် ပွဲစဉ်တွေကတော့ ရင်ခုန်လှုပ်ရှားဖွယ်ရာ ရှိနေဦးမှာဖြစ်ပါတယ်။

ဖရန့်ဖတ်နှင့် ဘိုင်ယန်မြူးနစ်

ဒီတစ်ပွဲအနိုင်ရရင် ဘိုင်ယန်မြူးနစ်တို့ အောင်ပွဲခံနိုင်မယ့် အနေအထားမို့ ပြတ်သားတဲ့ရလဒ်ကို ဖော်ဆောင်နိုင်မလားဆိုတာ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဖရန့်ဖတ်တို့ကလည်း အမှတ်လိုအပ်မှုပြင်းပြနေတာမို့ အိမ်ကွင်းမှာ ခြေကုန်ထုတ်ပြီး ဘိုင်ယန်မြူးနစ်ထံမှ အမှတ်ရအောင် ယူပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့ ရလဒ်ကောင်းကောင်းရအောင် စွမ်းဆောင်ပြီး ပွဲသိမ်းနိုင်မလားဆိုတာ ကြည့်ရမှာပါ။

ဒေါ့မွန်နှင့် အော့စဘတ်

ဒေါ့မွန်တို့ ဖလားရရှိရေးအတွက် မဟုတ်ပေမယ့် ဂုဏ်သိက္ခာအတွက် အားထုတ်မယ့်ပွဲပါပဲ။ အော့စဘတ်တို့ တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ အမှတ်လိုအပ်နေတာမို့ စွမ်းအားကုန်ရုန်းထမယ့် အနေအထားရှိပါတယ်။ အော့စဘတ်တို့က တိုက်စစ်အားနည်းသလို ခံစစ်ပိုင်းလည်း လျော့ရဲနေတာမို့ ဒေါ့မွန်ဆီက အမှတ်ရဖို့ဆိုတာ ခက်ခဲမှာတော့ အမှန်ပါပဲ။

ဘေယာလေဗာကူဆင်နှင့်ဝုဖ်ဘတ်

ဘေယာလေဗာကူဆင်ဟာ ဥရောပ ဝင်ခွင့်ရဖို့အတွက် စိတ်ချရရေး အမှတ်လိုအပ်နေတာမို့ ဒီပွဲမှာ ပါဝါအပြည့်နဲ့ကစားပါလိမ့်မယ်။ ဘေယာလေဗာကူဆင် တိုက်စစ်မှူးတွေက တိုက်စစ်စွမ်းရည် ထက်မြက်တာမို့ တန်းမဆင်းရရေး အမှတ်လိုအပ်နေတဲ့ ဝုဖ်ဘတ်တို့ ဘယ်လိုစွမ်းဆောင်မှုတွေနဲ့ အမှတ်ရယူနိုင်မလဲဆိုတာ မြင်တွေ့ရမှာပါ။

ဝါဒါဘရီမင်နှင့်ရှော်လ်ကေး

တန်းမဆင်းရရေး ခိုင်မာတဲ့ရပ်တည်မှုရရှိအောင်ကြိုးစားမယ့် ဝါဒါဘရီမင်ရဲ့ ဆူဝေနေတဲ့ စိတ်ဓာတ်ကို ရှော်လ်ကေးတို့ အဝေးကွင်းအနေအထားနဲ့ တားဆီးချေဖျက်နိုင်မလား ကြည့်ရမယ့်ပွဲပါ။ ဝါဒါဘရီမင်မှာ ပီတာဆင်နဲ့ဟန့်တို့ခြေပေါ်ရင် ရှော်လ်ကေးတို့ အမှတ်ဖဲ့ပေးရမယ့် ကိန်းဆိုက်သွားနိုင်ပါတယ်။

နူရင်ဘတ်နှင့် မိန့်ဇ်

မိန့်ဇ်အတွက် ရပ်တည်မှုမှန်ကန်ဖို့အမှတ်လိုအပ်နေတာမို့ နူရင်ဘတ်တို့အလေးအနက်ထားကစားမှုရပါလိမ့်မယ်။ မိန့်ဇ်တို့ကအကောင်းဆုံးခံစစ်ကို ပိုင်ဆိုင်ထားတာမို့ နူရင်ဘတ်တိုက်စစ်မှူးတွေကျော်တက်ဖို့အတွက်တော့ ခက်ခဲနေမှာအမှန်ပါပဲ။

ဟိုဖန်ဟင်းနှင့်ဒပ်ဆယ်ဒေါ့ဖ်

တန်းမဆင်းရရေး ကြိုးစားမယ့် ဒပ်ဆယ်ဒေါ့ဖ်နဲ့ တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့အတွက် အမှတ်လိုအပ်နေတဲ့ဟိုဖန်ဟင်းတို့ပွဲကတော့ အကြိတ်အနယ်ရှိမယ့်အနေအထား ဖြစ်ပါတယ်။ နှစ်သင်းစလုံး အမှားမခံကြမှာမို့ ရင်ပွင့်မတတ် ကစားကြမယ့်ပွဲဖြစ်ပြီး အမှတ်ရအောင် ယူကြမယ့်ပွဲအဖြစ် မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ✤ မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်အား ရောင်းချမည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ်၏ကမ်းလှမ်းချက်ကို မန်ယူကငြင်းဆိုလိုက်သည်။
- ✤ အသက် ၃၃ နှစ်အရွယ်ရှိ စတီဗင်ဂျရတ်အား နောက်ထပ် နှစ်နှစ်စာချုပ်ထပ်မံချုပ်ဆိုရန် လီဗာပူးကလပ်တာဝန်ရှိသူများက ဆွေးနွေးလျက်ရှိသည်။
- ✤ အာဆင်နယ်အသင်းသည် ဒေါ့မွန်အသင်းမှ တိုက်စစ်မှူး လီဝမ်ဒေါ်စကီးအား ပြောင်းရွှေ့ကြေး ပေါင် သန်း ၇၀ ခန့် သုံးစွဲခေါ်ယူရန် ကြိုးစားနေသည်။
- ✤ အသက် ၂၉ နှစ် အရွယ်ရှိ ဆွမ်ဆီးဂိုးသမား မိုက်ကယ်ဗွန်းကို လာမည့်နွေရာသီ၌ လီဗာပူးက ခေါ်ယူရန် ကြိုးစားနေသည်။
- ✤ မန်စီးတီးသည် အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဆန်ချက်ဇ်ကို နှစ်နှစ်စာချုပ်ချုပ်ဆိုရန် ကြိုးစားလျက်ရှိသည်။
- ✤ မန်စီးတီးနည်းပြမန်ချီနီအသင်းမှထွက်ခွာပါက အိုင်းယက်နည်းပြဖရန့်ဒီဘောနှင့်အစားထိုးရန် စီစဉ်လျက်ရှိသည်။
- ✤ မန်ယူအသင်းသည် အသက် ၃၄ နှစ်အရွယ်ရှိ ဖာဒီနန်အား တစ်နှစ်စာချုပ်ထပ်မံချုပ်ဆိုရန် ဆွေးနွေးလျက်ရှိသည်။
- ✤ မန်ယူအသင်းမှ အခြားအသင်းသို့ ပြောင်းရွှေ့ရန် စိတ်ကူးမရှိကြောင်း တိုက်စစ်မှူးရွန်းနေက ပြောကြားသည်။

မင်္ဂလာညစ်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ
ဦးကျော်မြင့်(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်လှဝင်းကျော်တို့၏သားထွေး

ဒေါက်တာရဲသီဟကျော်
M.B.,B.S (Ygn), M.Med.Sc(Surgery)
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ
ဦးတင့်ဆန်း(အင်ဂျင်နီယာချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဥမ္မာလွင်တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာယုဝါတင်
M.B.,B.S(Ygn), M.Med.Sc, First Year (Internal Medicine)

တို့၏ ၃၁-၃-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ဇနီး ဒေါ်မူမူဆွေတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်များဆင်မြန်းချီးမြှင့်ပေးပါသော ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဦးသန်းချို့နှင့်ဇနီးဒေါက်တာဒေါ်ဆွေဆွေထွန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် မပန်းအိဖြူ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Lazy Club တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြိုပေးပါသော ဒေါက်တာမြသက်ဆွေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းအား ကိုင်ဆောင်ပေးပါသော ညီမငယ် မခိုင်လွင်လွင်ကျော်၊ သတို့သားအရံများအဖြစ်ဆောင်ရွက်ပေးကြသော ဒေါက်တာမင်းသန့်နှင့် ဒေါက်တာစည်သူမြင့်၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးကြသော ဒေါက်တာအိသူဇာအောင်နှင့် မသွယ်သွယ်တိုးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာ မဇူဇူ(Zu Zu Collection)၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်ဆင်ပေးပါသော အလှဖန်တီးရှင် ဒီဇင်ဘာနှင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများကူညီဆင်မြန်းပေးပါသော SP Gems၊ ပန်းအလှပြင်ဆင်ပေးပါသော နီနီပွဲ့ပြင်၊ ဓာတ်ပုံနှင့် မှတ်တမ်းတင်ဗီဒီယို ရိုက်ကူးပေးပါသော 7 Pictures မှ အဖွဲ့သားများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတစ်ခုလုံး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော သူငယ်ချင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာရဲသီဟကျော်-ဒေါက်တာယုဝါတင်

ဆောင်းပါး

ပဏာမသွားနှင့်ခံတွင်းစောင့်ရှောက်မှုစီမံချက်

ဒေါက်တာတင်ဝေ (သွား/ကျန်းမာ)

မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းရောဂါများ ဖြစ်ပွားမှုနှုန်းလျှော့နည်းနိုင်ရန် ၁၉၉၂ ခုနှစ်မှစ၍ ပဏာမသွားနှင့်ခံတွင်းစောင့်ရှောက်မှုစီမံချက်ကို စတင်ခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် ကျန်းမာရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၃ ခုနှစ်တွင် မြို့နယ်ပေါင်း ၁၀၃ မြို့အထိ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ ရောဂါဖြစ်လာမှ ကုသနေရမည့်အစား၊ ထိုရောဂါမဖြစ်နိုင်အောင် ကာကွယ်တားဆီးခြင်းပင်ဖြစ်ပါသည်။ အကြမ်းအားဖြင့် ကာကွယ်တားဆီးခြင်းကို အဆင့် (၃)ဆင့် ခွဲထားနိုင်ပါသည်။

အဆင့်(၁)။ ရောဂါဖြစ်ပွားစေတတ်သော အကြောင်းတရားများကို ရှောင်ရှားခြင်းနှင့် ထိုရောဂါကို မခံစားရမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများကို ရှောင်ရှားနိုင်ရေး။

ဥပမာ ။ -သွားပိုးစားရောဂါသည် အချိုစားသုံးမှုနှင့်တိုက်ရိုက်အချိုးကျပေရာ အချို(သကြား) စားသုံးမှုလျှော့ချနိုင်ခြင်း၊ ဖလိုရိုဒ်ဓာတ်ပါဝင်သော သွားတိုက်ဆေးကို အသုံးပြုစေခြင်း။

-တစ်ကိုယ်ရေကျန်းမာရေးအပိုင်းတွင် ကာကွယ်ဆေးများ ထိုးပေးခြင်းကြောင့် ကြက်ညှာ၊ ဆုံဆို့၊ မေးခိုင်၊ ပိုလီယို၊ ပါးချိတ်ရောင်ရောဂါများကို ပြီးသွားစေခြင်း။

အဆင့်(၂)။ ရောဂါဖြစ်လာခဲ့သည်ရှိသော် စောနိုင်သမျှ စောစောချဉ်းကပ်ပြီး ရောဂါကြောင့်ရလာမည့် ဆိုးကျိုးလက္ခဏာများကို ကာကွယ်နိုင်ရန်ကြိုးစားရေး၊ ရောဂါဖြစ်မှု ပြင်းထန်လာခဲ့သော် ဆိုးကျိုးလက္ခဏာများနှင့်ဆက်နွှယ်ပေါ်ပေါက်လာသော မစွမ်းမသန်ဖြစ်မှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရေးနှင့်ဤဒုတိယအဆင့်တွင် ရောဂါဖြစ်ဧရိယာအတွင်း ရောဂါလက္ခဏာမပြသေးသော လူနာများကို လက်ဦးမှုရယူရှာဖွေကြည့်ရှုနိုင်ရေး။

ဥပမာ ။ -ပါးစပ်အတွင်း မကိုက်သေးသော သွားပိုးစားပေါက်များ၊ မနာသေးသော သွားဖုံးရောဂါများ ရှာဖွေဖော်ထုတ်ခြင်း။

-ခန္ဓာကိုယ်ပေါ်ရှိ ကင်ဆာဖြစ်မှုနှင့် ဆက်သွယ်နေသော အဖုအကျိတ်များကို ရှာဖွေတွေ့ရှိခြင်းဖြင့် လည်ပင်း၊ သားမြတ်တို့တွင် ဖြစ်နိုင်သော ကင်ဆာများကို ရှာဖွေဖော်ထုတ်နိုင်ခြင်း။

-ခြင်၊ ယင်၊ ကြွက်များကို နှိမ်နင်းပေးခြင်းဖြင့် နီးနွယ်ရာကူးစက်ရောဂါများကို ကာကွယ်နိုင်ခြင်း။

အဆင့်(၃)။ ဖြစ်ပြီးရောဂါကြောင့် ခန္ဓာကိုယ်တွင် ပျက်စီးယုတ်လျော့ ချို့ယွင်းချက်များ မစွမ်းမသန်ဖြစ်ကျန်ခဲ့မှုများကို ပြန်လည် စွမ်းသန်နိုင်အောင် ကူညီဖြည့်ဆည်းပေးရေး၊ အသက်ရှင်ဘဝကို လူစဉ်မီစေရေး။

ဥပမာ ။ - သွားရောဂါ၊ သွားဖုံးရောဂါများကြောင့် ပျက်စီးဆုံးရှုံးနေသောသွားများကို သွားဖာပေးခြင်း၊ သွားစိုက်ပေးခြင်း။

-ခန္ဓာကိုယ်ပိုင်းတွင်အမျိုးအစား(II) ဆီးချို၊ သွေးချိုရောဂါသည်များအတွက် အင်ဆူလင်ကုထုံးပေးခြင်း။

ဤသို့ဖြင့် လူထုကျန်းမာရေး စောင့်ရှောက်မှုစီမံချက်များကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ စီမံချက်ပေါင်း (၁၁) ခုခွဲ၍ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးစီမံချက်ကို ဦးစားပေးတင်ပြလိုပါသည်။

မြန်မာနိုင်ငံတွင် အဖြစ်အများဆုံးစာရင်းတွင် သွားနှင့်ခံတွင်းရောဂါများက ထိပ်တန်းစာရင်းဝင်ဖြစ်ပါသည်။ ရောဂါကာကွယ်ရေး အဆင့်(၃)ဆင့်အရ သွားနှင့်ခံတွင်းရောဂါမဖြစ်သေးသူများကို ကာကွယ်ရေးပညာပေးရေးလုပ်ခြင်း၊ ရောဂါခံစားနေရသူ ဆေးရုံဆေးခန်းများနှင့် ဝေးရာဒေသနေလူနာများအတွက် အခြေခံကျန်းမာရေးဝန်ထမ်းများအားဖြင့် ပဏာမပြုစုမှုပေးခြင်းနှင့် သင့်ရာနီးစပ်ရာဆေးရုံဆေးခန်းများသို့လွှဲအပ်နိုင်စေရေး၊ အခြေခံမူလတန်း ဆရာ ဆရာမများအားဖြင့် ကလေးများကို သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးစေခြင်း၊ စနစ်မှန်သွားတိုက်နည်းကို သင်ကြားပေးစေခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများမှ လှူဒါန်းပေးအပ်သော သွားတိုက်တံ၊ သွားတိုက်ဆေးများကို ဖြန့်ဝေပေးခြင်း၊ နိုင်ငံတော်အတွင်းအသုံးပြုနေသော သွားတိုက်ဆေးများတွင် သွားပိုးစားမှုကို ကာကွယ်ပေးနိုင်သော ဖလိုရိုဒ်ဓာတ်များ ပါဝင်အောင် ဆောင်ရွက်ခြင်းစသည့်အလုပ်များကို ဆောင်ရွက်နေပါသည်။

သွားတွင်ဖြစ်လေ့ရှိသော သွားပိုးစားခြင်းဖြစ်စေ၊ သွားတိုက်စနစ်မမှန်မှုကြောင့်ဖြစ်ပေါ်လာရသော သွားအခြေပြုတ်ခြင်းဖြစ်စေ၊ အစာအိမ်အချဉ်ပေါက်သူများတွင် လေချဉ်တက်၍ ဖြစ်ရသော သွားအက်စစ်လောင်ခြင်းဖြစ်စေ အသစ်တစ်ဖန် ပြန်ကောင်းလာခဲ့သည်၊ တစ်နည်း သွားတစ်ချောင်းနာလန်ထလာသည်ဟူ၍ ရှိလာစမြဲမဟုတ်ပါ။ ပျက်စီးသောအပိုင်းသည် ပျက်စီးနေသည်၊ ဆက်ပျက်စီးနေမည်သာဖြစ်ပါသည်။ သွားဖာခြင်းဖြင့် ပျက်စီးမှုအပိုင်းကိုဖယ်ရှား၍ ကျန်သောအပိုင်းကို ထိန်းသိမ်းထားနိုင်သော်လည်း ယခင်သဘာဝသွားအစစ်မဟုတ်တော့ပါ။

တစ်ဖန် သွားပိုးစားခြင်းဖြင့် အသက်မသေလောက်ပါဘူးဟု ယူဆရသော်လည်း အစာစားရာတွင် အနှောင့်အယှက်ဖြစ်ခြင်း၊ ပြင်းထန်သော ကိုက်ခဲမှုဝေဒနာများ ခံစားရခြင်း၊ ခံတွင်းအနံ့ ဆိုးရွားစေခြင်း၊ ဆယ်လူလိုက်တစ်ခေါ် မျက်နှာတစ်ခြမ်းလုံး မျက်စိပိတ်သည်အထိ ရောင်ရမ်းတတ်ခြင်း၊ သွေးဆိပ်တက်ခြင်းစသည်တို့မှသည် သေနိုင်သည်အထိ ဒုက္ခပေးတတ်ကြောင်းကို နားလည်ထားသင့်သလို သေလည်းသေတတ်ကြပါသည်။ ထို့အပြင် သွားပိုးစားခြင်းခံရသော သွားများကြောင့် ဥပဓိရုပ်ပျက်မှုများ ဖြစ်ပေါ်လာပြီး ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများလည်းရစေပါသည်။

ကွမ်းစား/ဆေးသောက် နှစ်မှုရောက်ဆိုသောစကားအရ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းကိစ္စများကြောင့် ခံတွင်းကင်ဆာဖြစ်တတ်ရခြင်းအကြောင်းကိုမပြောသေးပါ။ ဤသွားပိုးစားရောဂါကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော သွားများ၏ အချွန်အတက်များ၊ အငုတ်များနှင့် မကျွမ်းကျင်သူများကစိုက်ပေးသော စိုက်သွားများကြောင့် ခံတွင်းကင်ဆာများ ဖြစ်တတ်သည်ကို သတိပြုစေချင်ပါသည်။

လူထုကျန်းမာရေးစောင့်ရှောက်မှုစီမံချက်တွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သွားလူနာ၊ ဖျားလူနာ၊ မီးဖွားလူနာဟူ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ခွဲခြားလုပ်ဆောင်နေကြသည် မဟုတ်ဘဲ ကျွဲကူးရေပါ၊ တစ်နွယ်ငင်တစ်စင်ပါ၊ သဘောလုပ်ဆောင်နေကြသည်ကို အားရဖွယ်တွေ့ရပါမည်။

တစ်ဖန်အခြေခံပညာကျောင်းများတွင် သွားပိုးစားခြင်းလျော့ကျရန် နေ့လယ်စာစားပြီး စုပေါင်းသွားတိုက်ခြင်းအလုပ်ကိုလေ့ကျင့်ပေးသကဲ့သို့၊ အဖြစ်အများဆုံးရောဂါတစ်ခုဖြစ်သော ဝမ်းပျက်၊ ဝမ်းလျှောနှင့် သန်ကောင်၊ တုတ်ကောင်တွယ်ခြင်း ကာကွယ်ရန်အတွက် စုပေါင်းလက်ဆေးစေခြင်းအကျင့်နှင့် သန်ကျဆေးကို စုပေါင်းသောက်ကြစေခြင်းများကိုကျန်းမာရေးဝန်ထမ်းများနှင့်ဆရာဆရာမများကကြီးကြပ်ကာ အတန်းတွင်း ကျောင်းသားခေါင်းဆောင်များ အကူအညီဖြင့် ရောဂါကာကွယ်ခြင်းလုပ်ငန်းကို ပုံဖော်နေကြပါသည်။ ထို့အပြင် ဤစုပေါင်းလုပ်ဆောင်မှု အလေ့အကျင့်ကောင်းများကြောင့် ဆရာနှင့်တပည့် ရင်းနှီးမှု၊ ကျောင်းသားအချင်းချင်း ချစ်ခင်မှု၊ မိမိအတန်း၊ မိမိကျောင်းကို ခင်တွယ်မှုစသည့် ကောင်းကျိုးများကိုလည်း ရစေပါသည်။

ထိုမူလတန်းကလေးများက ကျောင်းမှမိမိရရှိခဲ့သော တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ခံတွင်းသန့်ရှင်းရေးစသောအကျိုးတို့ကြောင့် မိမိကိုယ်ကိုယုံကြည်မှု၊ ပီတိရှိမှုများရှိလာသကဲ့သို့ မိမိတို့အိမ်တွင်လည်း ထိုပညာများကို ဂုဏ်ယူစွာ ဖြန့်ဖြူးပေးတတ်ကြပါသည်။

အများပြည်သူများသည် သွားနှင့်ခံတွင်းရောဂါမရအောင် တစ်နေ့နှစ်ကြိမ် စနစ်မှန်ဖြင့်သွားတိုက်ခြင်း၊ ဖလိုရိုဒ်ပါသော သွားတိုက်ဆေးကို ရွေးသုံးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ သန်ကောင်၊ တုတ်ကောင်ဘေးကင်းဝေးစေရန် ခြောက်လတစ်ကြိမ် တစ်အိမ်သားလုံး သန်ချဆေး တစ်ပြိုင်တည်းသောက်ကြခြင်း၊ အိမ်သာအတက်အဆင်းနှင့် ထမင်းမစားမီ လက်စင်အောင် ဆေးတတ်သောအကျင့် တည်ဆောက်ခြင်းများ လုပ်သင့်ပါသည်။

ပဏာမသွားနှင့်ခံတွင်း စောင့်ရှောက်မှုစီမံချက်အနေဖြင့် စီမံချက်ဝင်မြို့နယ်များတွင် သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများအတွက် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများကို ပဏာမပြုစုမှုပေးနိုင်ရန် သင်တန်းပေးခဲ့သကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပညာများကိုလည်း အဆင့်မြင့်ဟောပြောပေးရပါသည်။ ကြီးကြပ်မှုခရီးစဉ်များလည်း လုပ်ဆောင်ပါသည်။

စီမံချက်မဝင်ရသေးသော မြို့နယ်များသို့ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီနှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းတို့က ဦးဆောင်ပြီး ဝေးလံခေါင်းပါးသောဒေသများ၊ နယ်စပ်ဒေသများတို့သို့ အခမဲ့ကုသမှုခရီးစဉ်များရှိသကဲ့သို့ ပညာပေးဟောပြောမှုများလည်း ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

သွားပိုးစားခြင်းဖြင့် အသက်မသေလောက် ပါဘူးဟု ယူဆရသော်လည်း အစာစားရာတွင် အနှောင့်အယှက်ဖြစ်ခြင်း၊ ပြင်းထန်သော ကိုက်ခဲမှု ဝေဒနာများခံစားရခြင်း၊ ခံတွင်းအနံ့ဆိုးရွားစေခြင်း၊ ဆယ်လူလိုက်တစ်ခေါ် မျက်နှာတစ်ခြမ်းလုံး မျက်စိပိတ်သည်အထိ ရောင်ရမ်းတတ်ခြင်း၊ သွေးဆိပ်တက်ခြင်း စသည်တို့မှသည် သေနိုင်သည်အထိ ဒုက္ခပေးတတ်။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်တင်တင်(ကွယ်လွန်) ဂရန်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (RA-V̄)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၃၃-လ/၃)၊ (၃၃-ဏ/၂)၊ မြေယာအမှတ် (161-C)(162-B)၊ မြေဧရိယာ ဝဒသမ ၆၆၅ဧကရှိ မြေနှင့် ဦးကျော်တင့်(ကွယ်လွန်) ဂရန်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V̄)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၃၃-ဏ/၁)၊ မြေယာအမှတ် (162-A)၊ မြေဧရိယာ ဝဒသမ ဝ၅၅ဧကရှိ မြေနှင့်မြေများပေါ်ရှိ အဆောက်အအုံလေးလုံး၊ လျှပ်စစ်မီတာ လေးလုံးတို့ကို ဒေါ်တင်တင်၏သားသမီး၊ ချွေးမ၊ သမက်တို့ဖြစ်သော (၁) ဒေါ်လှလှမြင့်၊ (၂) ဒေါ်အေးအေးခိုင်၊ (၃) ဦးမင်းသူ၊ (၄) ဒေါ်ခင်ခင်ဆွေ၊ (၅) ဒေါ်လှလှအေး၊ (၆) ဒေါ်သင်းသင်းညွန့်၊ (၇) ဦးအောင်မင်း၊ (၈) ဒေါ်နန်းမိမိကြည်၊ (၉) ဦးအေးကိုကျော်တို့မှ တာဝန်ခံ၍ ရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေထားပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေရန် စီစဉ်နေပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၇၂၁၅၉၀၂၊ ၀၈၅-၂၃၂၄၁

ရပ်စောက်မြို့၊ ဈေးတန်းရပ်၊ ဦးဝိဇာရလမ်း၊ (မ-၉၄)နေ
ဦးဇော်ဝင်းလှိုင်(ခ)ဦးကျော်နန္ဒာ ၁၃/ရစန(နိုင်)၀၅၀၇၄၀နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ Seeds Energy Agro Group Co.,Ltd. ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်းလှိုင်သည် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီထံမှ ၁၇-၆-၂၀၁၁ရက်မှစ၍ တန်ဖိုး ၃၂၅၀၀၀၀ဝိ/-(ကျပ်သုံးရာနှစ်ဆယ့်ငါးသိန်းတိတိ)ရှိ စပ်မျိုးပြောင်းစေ့များကို ယူခဲ့ပြီး ၃၀-၁၂-၂၀၁၁ရက်တွင် မပျက်မကွက်ပေးချေမည်ဟု ၁၇-၆-၂၀၁၁ရက်တွင် စာချုပ်ချုပ်ဆို၍ ယူခဲ့သော်လည်း ယနေ့ထက်တိုင် ငွေပြန်လည်ပေးဆပ်ခဲ့ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ဦးဇော်ဝင်းလှိုင်ထံ အထက်ဖော်ပြပါငွေများအား မပေးသဖြင့် အကြိမ်ကြိမ်ဆက်သွယ်၍ စပ်မျိုးပြောင်းစေ့ဖိုးငွေများ ပြန်လည်ရရှိရန်တောင်းသည့်အခါ ဦးဇော်ဝင်းလှိုင်မှ အကြောင်းအမျိုးမျိုးပြ၍ တိမ်းရှောင်ငြင်းဆန်ခဲ့ပါသည်။

ထို့ကြောင့် လူကြီးမင်းသည် အထက်ပါကိစ္စနှင့်ပတ်သက်၍ ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံး ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လူကြီးမင်းပေးရန်ရှိသည့် အထက်ဖော်ပြပါငွေများကို တစ်လုံးတစ်ခဲတည်း လာရောက်ပေးဆပ်ရန် ဤကြော်ငြာစာဖြင့် သိစေလိုက်သည်။ အကယ်၍ ဤကြော်ငြာစာပါအတိုင်း လိုက်နာရန်ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိစေလိုက်သည်။

Seeds Energy Agro Group Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေလင်းအောင် LL.B
အထက်တန်းရှေ့နေ
အခန်း(၂၉)၊ ပြည်တော်သာ၊ ၂-၃လမ်းကြား၊ အလက(၂)တိုက်တန်း၊
ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၆၇၃၉၊ ၀၉-၄၀၂၇၀၀၂၁၉

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ တနတ နေ ဦးမြင့်ဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အောင်သုခ (၅)ရပ်ကွက်၊ ဘောဂလမ်းသွယ်၊ ခြံအမှတ် ၂၆၇၊ အလျားပေ ၅၀၊ အနံ ၂၅ ပေရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အမှတ် ၁၇+မြောက်ဘက်ထွက် ၁၀ပေလမ်းတို့ကို ဒေါ်စန်းမြင့်ထံမှ ဒေါ်ခင်စန်းကြည်သည်လည်းကောင်း၊ ဒေါ်ခင်စန်းကြည်ထံမှ ဦးကျော်လင်းသည်လည်းကောင်း၊ ဦးကျော်လင်းထံမှ ဦးမြင့်ဇော်ဦးသည် အရပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူခဲ့ပါသည်။ ထိုမြေ၊ နေအိမ်၏ လက်ရှိပိုင်ရှင်မှာ ဦးမြင့်ဇော်ဦး ဖြစ်ပါကြောင်း၊ အဆိုပါမြေနှင့်နေအိမ်အတွင်းသို့ ဝင်ရောက်ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ မြေစာရင်းပုစ် (၁၀၅)၊ (၁၀၆)ရေးကူးခြင်း၊ ဂရန်လျှောက်ထားခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်အမှုသည်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၇၂၁၅၉၀၂၊ ၀၈၅-၂၃၂၄၁

ကြော်ငြာ

အလှူတော်မင်္ဂလာများနှင့် သံဃာတော်များအတွက် ဝိနည်းတော်နှင့်ညီသည့် လှူဖွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်း၌ပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက

အလှူရှင်များအတွက် တစ်ခုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ"

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ပိတ်ရက်မရှိ

ရဟန်းခံ-သိက္ခာထပ်-ရှင်ပြု-သီလရှင်ဝတ် အထူးဈေးရောင်းပွဲတော်

မြန်မာဘစ်ရှော့စင်တာရှိ အရောင်းဆိုင်များ

၁။ ဇေတဝန (၁၀) ❖ ဇေတဝနကျောင်းတိုက် (၁၀)ဆိုင်ပြဲ့ကပ်ပစ္စည်းဆိုင်ခွဲ

၂။ Myanmar Handicraft Shop ❖ ကျောက်၊ ကြေး၊ သစ်သား ထွင်းထုလက်မှုပစ္စည်းအမျိုးမျိုး ...

၃။ Big Shops Supermart ❖ သံဃာသုံး လူသုံး ...

၄။ Tha Aung Bookstore ❖ ... CD, Tape, DVD ... "သာအောင်" စာအုပ်ဆိုင်

၅။ Beauty All - Fashion Corner ❖ ... (Men & Ladies)

၆။ Healthy All Pharmacy ❖ ...

အရက်၊ဘီယာ၊ စီးကရက် (လုံးဝ) မရောင်းပါ

အမှတ်(၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၅၇၇၀၊ ၃၇၅၇၇၃၊ ၅၅၂၀၂၊ ၅၅၉၉၅ E-mail : mbssmart@gmail.com 'ဇေတဝနကုမ္ပဏီမှ ဖွင့်လှစ်ပါသည်'

စိုက်ပျိုးရေးဆိုင်ရာသီးနှံရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းသားခေါ်ယူခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် တန်ဖိုးမြင့် စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ခြင်းဆိုင်ရာ ပညာပေးသင်တန်းအား အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းကာလ - ၂၂-၄-၂၀၁၃ ရက်မှ ၂၃-၅-၂၀၁၃ရက်အထိ (တစ်လကြာ)
သင်တန်းသားဦးရေ - ၂၀ ဦး
ပညာအရည်အချင်း - စိုက်ပျိုးဒီပလိုမာ(Dip.Agri)၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.A gr.Sc) ရရှိပြီးဖြစ်ရမည်။
သင်တန်းနေရာ - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
သင်တန်းသားအမည်စာရင်းနောက်ဆုံးလက်ခံရက် - ၁၀-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)

သင်တန်းတက်ရောက်စဉ်ကာလတွင် နေထိုင်ရေးအား တက္ကသိုလ်မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

ဒေါက်တာမျိုးကြွယ် (ဒုတိယပါမောက္ခချုပ်၊သင်ကြားရေး) ဖုန်း-၀၆၇-၄၁၆၅၁၄
ဒေါက်တာခင်သီတာမြင့် (ပါမောက္ခ၊ ဥယျာဉ်ခြံသီးနှံပညာဌာန) ဖုန်း-၀၆၇-၄၁၆၆၈၈

စက်မှုဝန်ကြီးဌာန
စက်မှုစီမံကိန်းဦးစီးဌာန
သင်ထောက်ကူစက်နှင့် စက်ပစ္စည်းများပါဝင်သော Container များ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန စက်မှုစီမံကိန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ စက်မှုသင်တန်းကျောင်း (ဆင်တဲ)နှင့် (မြင်းခြံ)စီမံကိန်းအတွက် သင်ထောက်ကူစက်နှင့် စက်ပစ္စည်းများပါဝင်သော Container များ ရန်ကုန်စက်မှုဆိပ်ကမ်းမှ သက်ဆိုင်ရာ စီမံကိန်းများသို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-** ၂-၄-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၅-၄-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန
စက်မှုစီမံကိန်းဦးစီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၁၇၃

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကျွန်တော် ဦးဇေယျာကြွယ်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၃၆ဟုခေါ်တွင်သော မြေကွက်အကျယ်ဧရိယာ ၀ ဒသမ ၀၂၈ ဧက မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော တရားဝင်အထောက်အထားများဖြင့် ဤကြေညာချက်သတင်းစာ၌ ထည့်သွင်းဖော်ပြပြီး ၁၀ရက်အတွင်း ကျွန်တော်ဦးဇေယျာကြွယ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက်မှကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စများကို တရားဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇေယျာကြွယ်
အမှတ် ၅၅၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၅၀၀၇၅၅၊ ၀၁-၉၁၉၀၂၂၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ မြေကွက်တည်နေရာအမှတ် ၂၇၉၊ မြေကွက်လိပ်စာအမှတ် ၄၅၊ ရိပ်သာလမ်း၊ မြေဧရိယာ ၀ ဒသမ ၀၂၈ဧက၊ အလျား ၂၅ပေ×ပေ၅၀ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ဝင်း ၁၂/တမန(နိုင်) ၀၃၃၇၆၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသောတန်ဖိုးငွေထဲမှ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာယူဆောင်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စိုးဝင်း
LL.B, WIPO (Switzerland) အထက်တန်းရှေ့နေ
အမှတ် ၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၁၆၇၃၅

OD TOUR

ကိုရီးယား | စင်္ကာပူ၊မလေးရှား
Apr 11 | Apr 12

ဘန်ကောက်၊အယုဒ္ဓယ၊ဖူးခက် - Apr 13
ဘန်ကောက်၊အယုဒ္ဓယ၊ပတ္တရား - Apr 12
ဟောင်ကောင်၊ကွမ်ကျိုး၊မကာအို - Apr 11

သင်္ကြန်တွင်း ခရီးစဉ်များ

Apr 11/12/13/18
-ပုဂံ၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)
-အလောင်းတော်ကဿပ
-မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ
-အင်းလေး၊တောင်ကြီး၊ထန့်ဆမ်း
-ပုဂံ၊ရွှေစက်တော်
-မန္တလေး၊မုံရွာ၊ရွှေလီ၊မန်စီ
-မန္တလေး၊ပြင်ဦးလွင်၊မင်းကွန်း
-မန္တလေး+ပုဂံ
-တောင်ကြီး+ပုဂံ
-တောင်ကြီး၊မန္တလေး

အမှတ်(၅၃)၊ ကျွန်းတောလမ်း၊စမ်းချောင်း၊ ရန်ကုန်
ဖုန်း:01-536855, 526349, 504808, 523187
09-5108087, 09-5187045, 09-73022688

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁၂
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

ဦးရဲမြင့် **နှင့်** ဦးမောင်စိုး
တရားနိုင် **တရားရှုံး**

ယခင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်အမှတ် ၁၂၇၊ အခန်းအမှတ် ၁၂၊ (ယခုနေရပ်လိပ်စာမသိ)နေ တရားရှုံး ဦးမောင်စိုး သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၉၁၂တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဧပြီ ၂၂ ရက် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် မတ် ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှမြင့်
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

လှိုင်မဟာစည်သကြ်န်တရားစခန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁ ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ လှိုင်တက္ကသိုလ်အနီးရှိ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာသင်တန်း မဟာသကြ်န်တရားစခန်းကြီးကို ယခုနှစ်တွင်လည်း ၁၂-၄-၂၀၁၃ရက်မှ ၂၈-၄-၂၀၁၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။ မဟာသတိပဋ္ဌာန် မိဂဒါဝုန် ဝိပဿနာရှုမှတ်အားထုတ်နည်းများကို အခြေခံမှစ၍ ဟောကြားသင်ပြပေးမည်ဖြစ်ပြီး မည်သူမဆို ဆွမ်း၊ ရေ၊ မီး စရိတ်အခမဲ့ဖြင့် တရားစခန်းဝင် အားထုတ်နိုင်ကြပါသည်။ အသေးစိတ်သိလိုသူများ၊ တရားစခန်းဝင် ယောဂီများအတွက် ဆွမ်း၊အဖျော်ရည်စသည့် လှူဒါန်းလိုသူများသည် လှိုင်မဟာစည်ရုံးခန်း ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၂၁၁၀၇၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြပါသည်။ ကြိုတင်ယောဂီစာရင်းကိုလည်း လက်ခံနေပါပြီ။ အချိန်ပိုင်းယောဂီများ နံနက် ၇ နာရီအရောက် လာရောက်၍ ရှုမှတ်အားထုတ်နိုင်ကြပါသည်။

သင်တန်းဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/မစိုးရိမ်မြောက်၊ မြေကွက်/ဦးပိုင် အမှတ် ၈၄ဃ၊ ၈၄င၊ ၈၄စ ဧရိယာ ၀ ဒသမ ၁၃၅ ဧကရှိ ဦးစောဝင်းအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား မောင်ဝေယံပြည့် ၉/ပမန(နိုင်) ၁၉၅၁၀၂ (ဘ) ဦးစောဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် ၇၄၊ ဧရိယာ ၀ ဒသမ ၁၃၆ ဧကရှိ ဦးရွှေအိုး၊ ဒေါ်ဌေးဌေးဝင်းအမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အမည် ဒေါက်တာနီလာလှိုင် ၉/တကန(နိုင်) ၀၀၅၃၄၂၊ (ဘ) ဦးတင်လှိုင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြ၍ မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/မစိုးရိမ်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၉၉င ၊ ဧရိယာ ၀ ဒသမ ၁၁၆ ဧကရှိ ဦးစောဝင်းအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည် မတုနှိုင်းပိုပို(ကိုယ်စား) (အုပ်ထိန်းသူ မနုနုလွင်) ၉/ပမန(နိုင်)၁၈၉၀၀၉ (ဘ) ဦးစောဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၅(တ)၊ မြေကွက်အမှတ် ၆၃၀၊ ၆၃၁၊ မြေဧရိယာ အကျယ်အဝန်း (အလျားပေ ၆၀ × အနံပေ ၅၀) ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်၅ရပ်ကွက်၊ တပင်ရွှေထီးလမ်းမကြီး၊ အမှတ် ၆၃၀၊ ၆၃၁ ဟုခေါ်တွင်သော မြေနှင့် နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးတင်မောင်မြင့် ၁၀/မလမ(နိုင်)၁၂၀၀၅၃ ထံမှ မှတ်ပုံတင်စာချုပ်အမှတ် ၆၉၈၄/၂၀၁၁ ဖြင့် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသောင်းညဏ် ၁၀/မလမ(နိုင်)၁၅၉၂၇၂ ထံမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက ခိုင်မာသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရင်လီ
အမှတ်(SSB-6)၊ ရွှေစပါယ်လမ်း၊ FMI City ၊ ပဒေသာပင်မြို့တော်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၇၇၇၀

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ကျော်သူဟိန်း ၁/မကန(နိုင်) ၁၄၀၀၃၁ သည် မိဘတို့၏ ဂုဏ်သိက္ခာအား အကြိမ်ကြိမ်ထိခိုက်စေသော အပြုအမူများကို ပြုလုပ်နေပါ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ (၄င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။)

မိဘများ
ဦးကျော်ဌေး၁၀/ကထန(နိုင်)၀၀၆၁၀၆-ဒေါ်ဂျာဖာလု မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၂၊ မြေကွက်အမှတ် ၁၁၂၄ အမည်ပေါက် ဦးစိန်ရန်လင်း AA- ၁၃၁၅၇၃ထံမှ ဝယ်ယူထားသူ ဒေါ်အေးအေးသိန်း ၁၂/မဂတ(နိုင်) ၀၅၈၁၉၃ က ဓာတ်ပုံမိတ္တူမှန်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင် ရာစာရွက်စာ တမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဓာတ်ပုံမိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ တီကျစ်ကျောက်မီးသွေးသုံးစက်ရုံအတွက် အောက်ပါပစ္စည်းများကို နေပြည်တော်၊ ပေါင်းလောင်း(ဂိုဒေါင်)အရောက် တန်ဖိုး မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ် ပစ္စည်းအမျိုးအမည်
(က) Soot Blower များ
(ခ) Head Pulley With Motor
(ဂ) Control Card များ
(ဃ) Transmitter များ အစရှိသည့်ပစ္စည်း စုစုပေါင်း(၂၂)မျိုး
(င) 66 kV Voltage Transformer(3)Sets

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

မုဒ္ဒ ဓမ္မ သံယံ ပူဇေမိ
သစ္စာ
အာမခံ စိန်၊ ရွှေ၊ ရတနာဆိုင်

သစ္စာတရားကိုလက်ကိုင်ထား၍ (DENSITY 17.8) ၁၅ပဲ ရည်ပြည့်ဖြင့်ပြုလုပ်ထားသော ခေတ်မီလက်ဝတ်ရတနာ ဒီဇိုင်းမျိုးစုံကို -
- မှန်ကန်သော ရွှေဈေးနှုန်း
- အထူးချိုသာသော အလျော့တွက်
- တိကျသော အလေးချိန် (DIGITAL ချိန်စက်)

တို့ဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။ (ပိတ်ရက်မရှိ ဆိုင်ဖွင့်ပါသည်။)
အမှတ် (၄၉၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၇၄၇၆၆၊ ၂၅၂၃၁၁၊ ၀၉-၈၀ ၂၂၉၇၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့်လက်မှတ်ထုတ်ပေးရေးဌာန
လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ (အဆောက်အအုံ)သင်တန်း ၂/၂၀၁၃
သင်တန်းသားခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် လုပ်ငန်းခွင်ဝင်ရောက်မည့် အင်ဂျင်နီယာများအတွက် လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အအုံ)သင်တန်းကို အောက်ပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဆောက်လုပ်ရေး အင်ဂျင်နီယာ(အဆောက်အအုံ) လက်မှတ်ထုတ်ပေးမည် ဖြစ်ပါသည်။

သင်တန်းအမည် - လုပ်ငန်းခွင်ဆောက်လုပ်ရေး အင်ဂျင်နီယာ (အဆောက်အအုံ)
သင်တန်းကာလ - ၄ပတ်
သင်ကြားမည့်သင်တန်းသားဦးရေ - (၅၀)ဦး
သင်တန်းသား၏အရည်အချင်း - အနည်းဆုံး AGTI (Civil) ဒီပလိုမာရရှိပြီးသူ ဖြစ်ရမည်
သင်တန်းဖွင့်လှစ်မည့်ရက် - ၂၄-၄-၂၀၁၃
လျှောက်လွှာပိတ်ရက် - ၂၃-၄-၂၀၁၃

မှတ်ချက်။ ။သင်တန်းတက်ရောက်မည့်သူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင် (Member) များ ဖြစ်ရမည် ဖြစ်ပါသည်။ (အသင်းဝင်များ မဖြစ်သေးပါက သင်းတန်းမတက်ရောက်မီ လျှောက်ထားနိုင်ပါသည်။)

ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့် လက်မှတ်ထုတ်ပေးရေးဌာန
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၅၁၉၆၇၃~၆(လိုင်းခွဲ-၁၁၂) Fax : ၉၅-၁-၅၁၉၆၈၁၊
E-mail:mes.stcc@gmail.com

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ်
သင်္ကြန်(၇)ရက် တရားစခန်းပွဲဖွင့်လှစ်မည်

ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြု နယ်လှည့်ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ် ကိုယ်တိုင်ဦးဆောင်၍ သင်္ကြန်တွင်း ခုနစ်ရက် ဝိပဿနာတရားစခန်းကို ၁၂-၄-၂၀၁၃ရက်မှ ၁၈-၄-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လိုသူများ ကြိုတင်စာရင်းသွင်းနိုင်ပါပြီ။ **(ယောဂီ တစ်ထောင်တိတိသာ လက်ခံပါမည်။)**

ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၁၁၀၃၀၅၊ ၀၉-၅၀၀၀၄၇၄၊ ၀၉-၇၃၂၂၄၁၅၀၊ ၀၉-၄၂၅၃၁၁၉၉၉၊ ၀၁-၇၀၈၄၀၃

သမ္မတကမ်းခြေ သင်္ကြန်တွင်း
တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ သမ္မတကမ်းခြေကျောင်းတိုက်၌ လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီးနည်းအရ ကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော တပည့်ကမ္မဋ္ဌာနာစရိယများက ခုနစ်ရက်ဝိပဿနာတရားစခန်းကို တန်ခူးလဆန်း ၂ရက် (၁၂-၄-၂၀၁၃ရက်)မှစ၍ တန်ခူးလဆန်း ၁၀ရက် (၂၀-၄-၂၀၁၃ရက်)အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ၁၂-၄-၂၀၁၃ရက် ညနေ ၅နာရီထက် နောက်မကျစေဘဲ လာရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့
သမ္မတကမ်းခြေ၊ ဒလမြို့

လူပျောက်ကြော်ငြာ
သား ကိုဘုန်း (မင်းမြတ်ဘုန်းခိုင်)

ဖေဖေနဲ့ မေမေတို့ စိတ်ပူနေသည်။ အမြန်ပြန်လာပါ။ ၎င်းသားကြီးအား တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၀၀၄၉၈၁၊ ၀၉-၄၇၀၇၀၉၆၈

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁က/၉၈၀၉ ယာဉ်အမျိုးအစား လိုက်ထရပ် (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေငွေမြင့် ၁၃/တကန(နိုင်)၀၁၈၃၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

အထွေထွေကိုယ်စားလှယ်လွှဲစာကို
ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဦးကျော်စိုးဝင်း ၁၂/သလန(နိုင်)၀၆၉၇၀၂က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၃၀-၅-၂၀၀၈ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၅၄၂၂ အရ သုံးခွမြို့၊ (၁)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၄ နေ ဒေါ်ရီရီဝင်း ၁၂/သခန(နိုင်)၀၀၃၆၂၃ သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပယ်ဖျက်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စိုးဝင်း ၁၂/သလန(နိုင်)၀၆၉၇၀၂
အမှတ် ၂၃၊ နွယ်နီလမ်း၊ အောင်သုခရပ်ကွက်၊ သန်လျင်မြို့

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ ဦးတင်ရီ-ဒေါ်မြင့်မြင့်သွေး တို့၏သား မောင်သော်ဇင် ၁၂/မဂတ(နိုင်)၀၉၀၇၇၅နှင့် တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်နေ ဦးမျိုးဇင်-ဒေါ်မြင့်မြင့်ခိုင် တို့၏သမီး မဇင်သွယ်ထွန်း ၁၃/တကန(နိုင်)၂၅၄၃၀၁ တို့သည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့)တွင် နိုင်ငံတော်တရားရုံးချုပ်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း ကြေညာအပ်ပါသည်။

မောင်သော်ဇင်-မဇင်သွယ်ထွန်း

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် ၄၃၊ အကွက်အမည် သစ်ပင်ထောင်အရှေ့၊ ဧရိယာ ၀ဒသမ ၀၉၉ဧကရှိ ဗိုလ်ကြီးသန်းအောင် အမည်ပေါက် မြေငှားဂရန် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ကျွန်ုပ်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဘီဘိုင်ကော့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးဘီဘိုင်ကော့
အကွက်ကြီး(၄၈)၊ ရပ်ကွက်(၅)
အမှတ်(၉၅/၉၆)၊ အေးသာယာမြို့သစ်

ပြင်ဦးလွင်မြို့ရှိ ဘန်ဂလိုငယ်(အသစ်)ပါသော ရှင်းအလွန်ကောင်းသည့်မြေကွက်
အမြန်ရောင်းမည်။
မြေအကျယ် - (65' x 75')၊ ဈေးနှုန်း - (450) သိန်း
Contact Ph : 09 402551 478

ကန့်ကွက်နိုင်ပါသည်

အောက်ဖော်ပြပါ စက်မှုဇုန်မြေကွက်များအား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးမြင့်မောင် ၁၂/ဗဟန(နိုင်)၀၀၉၆၄၂ နှင့် ဒေါ်တင်တင်မွေး(ခ)ကြူရှုဟျောန် ၁၂/ဗဟန(နိုင်)၀၁၀၀၅၄ တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်များ၏ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အရောင်းအဝယ်ပြုမည့် မြေကွက်များမှာ-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၉ မှ မြေကွက်အမှတ် ၄၃ ဧရိယာ ၉၈၆၉၇ စတုရန်းပေ ဧက ၂ ဒသမ ၂၆၆
၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၉ မှ မြေကွက်အမှတ် ၄၄ ဧရိယာ ၉၈၆၉၇ စတုရန်းပေ ဧက ၂ ဒသမ ၂၆၆
၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၉ မှ မြေကွက်အမှတ် ၄၅ ဧရိယာ ၉၇၅၁၅ စတုရန်းပေ ဧက ၂ ဒသမ ၂၃၈
၄။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၉ က မြေကွက်အမှတ် ၄၆ ဧရိယာ ၉၇၄၈၅ စတုရန်းပေ ဧက ၂ ဒသမ ၂၃၈
၅။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၉ က မြေကွက်အမှတ် ၄၇ ဧရိယာ ၉၇၀၂၀ စတုရန်းပေ ဧက ၂ ဒသမ ၂၂၇

လွှဲအပ်ညွှန်ကြားချက်အရ-
